# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
၂၀၂၄ ခုနှစ်၊ မေ ၃ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေတိဂုံစေတီတော်မြတ်ကြီးအား တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင်လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များ ဖူးမြော်ကြည်ညို



စာ - ၁၂ သို့

## ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၈ ဦး၊ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးနှင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးရှိ

စာ - ၁၃ သို့

# ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၂၀၇ ဧက နုတ်သိမ်းပြီးစီး

**ငပုတော မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၂၀၇ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ပြောပြချက်အရ သိရသည်။

"ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၈၂၀၇ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့မြေပဲတွေကို ဖေဖော်ဝါရီလထဲမှာ စတင်နုတ်သိမ်းပါတယ်။ လက်ရှိမှာ မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးဖြစ်ပါတယ်။ မြေပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့

စာမျက်နှာ ၁၅ ကော်လံ ၅ ♦



## အိမ်နောက်ဖေး ဈေးဆိုင်တည် စိုက်ကြပျိုးကြမယ်

ဆောင်းပါး စာ - ၁၀ သို့

## သဘာဝကုန်ကြမ်း မီးဖိုချောင်သုံးသီးနှံ ဘေးထွက်ပစ္စည်းများကို အခြေခံ၍ ဇီဝသဘာဝ ဘက်စုံသုံးရှက်ဖျန်း အားတိုးဆေးရည် ထုတ်လုပ်နေ

MSME ကဏ္ဍ စာ - ၂၆ သို့


ထာဝရလှပသောအပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့်သွားများကို ပြုဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၃ ရက်)

# လူမှုဘဝမြင့်မားရေး စာကြည့်တိုက်တွင်စာဖတ်ပေး

မြန်မာတို့သည် ခေတ်အဆက်ဆက် စာပေနှင့်ယဉ်ကျေးမှုမြင့်မားသောလူမျိုးများဖြစ်သည်။ ခေတ်အဆက်ဆက်ရဟန်းပညာရှိ၊ လူပညာရှိတို့ရေးသားခဲ့သောစာပေများသည် မြန်မာလူမျိုးတို့အတွက် ရှေ့ဆောင်လမ်းပြများဖြစ်သည်။ ဘဝကိုကောင်းမွန်စွာနေထိုင်နည်း၊ ပညာကိုရှာဖွေနည်း၊ လူမှုစီးပွားဘဝမြင့်မားအောင်နေထိုင်နည်း အစရှိသည်ဖြင့်စုံစုံလင်လင်ညွှန်းဆိုရေးသားခဲ့ကြသည်။ "အလိမ္မာ စာမှာရှိ"၊ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "စာပေမြင့်မှ လူမျိုးတင့်မည်" စသည့်ဆိုရိုးစကားများနှင့် "သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်" ဆုံးမစာများသည် နှောင်နှစ်ပေါင်းများစွာတိုင် မရိုးနိုင်သောစာပေရတနာများဖြစ်သည်။

စာပေဟူသည် ပေပုရပိုက်ခေတ်ကတည်းက စတင်ထွန်းကားသော ဂန္ထဝင်မြန်မာပျို့ကဗျာ၊ လင်္ကာများ၊ ဇာတ်ဝတ္ထုများ၊ ပြဇာတ်များ၊ သုတကျမ်းများ၊ လောကသာရပျို့၊ ပုတ္တောဝါဒပျို့၊ စာဏကျနီတိ စသည့်လောကီသုတစာများမှာသာမက ဘုရားဟောတရားဓမ္မပိဋကတ်စာပေများကပါ လမ်းကောင်းညွှန်ပြလျက်ရှိသည်။ ဒုစရိုက်အကုသိုလ်၊ ပါပလုပ်ရပ်များရှောင်၍ သုစရိုက်ကုသိုလ်အခြေပြုသောလုပ်ရပ်များကို ညွှန်ပြသည်။ ထို့အတူ ဓမ္မပဒဆောင်ပုဒ်ကောက်နုတ်ချက်များကိုဖတ်လျှင်ပင် အလိမ္မာတိုးနိုင်သည်။ ဉာဏ်အမြော်အမြင်၊ အသိပညာတိုးတက်နိုင်သည်။

အဆိုပါစာပေများကို တစ်နေရာတည်းတွင် ဖတ်မှတ်လေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံအနှံ့အပြားတွင် စာကြည့်တိုက်များတည်ထောင်ထားရှိသည်။ စာများများဖတ်လေလေ အသိပညာဗဟုသုတတိုးပွားလေလေဖြစ်သည်။ လူတိုင်းသည် စာပေဖတ်ရှုခြင်းဖြင့် စိတ်အာဟာရကိုပြည့်ဝအောင်ဖြည့်ဆည်းကြရမည်ဖြစ်သည်။ စာဖတ်ခြင်းမှရရှိသောအသိပညာဆိုသည်မှာ တစ်ခုခုကို အစွဲမရှိ အစွန်းမရောက် ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်းရှိလာသည်။ စာပေမှာပါသည့်အကြောင်းအရာတစ်ခုက တစ်ခါတစ်ရံ မိမိတို့ဦးနှောက်ကို စဉ်းစားစရာအလုပ်ရသွားစေသည့်အခါ အတွေးအခေါ်ပိုင်းမြင့်လာပြီး တွေးဆချိန်ဆတတ်၊ နှိုင်းယှဉ်သုံးသပ်အကဲဖြတ်တတ်လာခြင်းဖြင့် လုပ်နည်းလုပ်ဟန်များမှန်မှန်ကန်ကန်ရှိလာပေလိမ့်မည်။ ဤသည်မှာ စာဖတ်ခြင်း၏ကောင်းကျိုးများဖြစ်သည်။

စာဖတ်သူနှင့်စာမဖတ်သူတို့၏အရည်အသွေးမှာ သိသိသာသာကွာခြားသည်။ စာပေကိုစွဲစွဲလမ်းလမ်းဖတ်ရှုသောအကျင့်နှင့် စာကြည့်တိုက်များမှာ အချိန်ကုန်သောသူနှင့် ဆိုရှယ်မီဒီယာနှင့်ဂိမ်းမှာအချိန်ကုန်သူတို့ကိုနှိုင်းယှဉ်ကြည့်ပါက စာကြည့်တိုက်မှာအချိန်ကုန်သောသူက သာလွန်တိုးတက်သွားသည်ကို တွေ့မြင်နိုင်သည်။ စာဖတ်ခြင်းကသာ မှန်ကန်သောအသိအမြင် အတွေးအခေါ် ဗဟုသုတကိုများစွာရရှိမည်ဖြစ်သည်။ စာဖတ်ခြင်းက စိတ်အာဟာရကိုနှီးဆော်ပေးစွမ်းသည်ဟုဆိုကြသည်။ စိတ်အာဟာရဆိုသည်မှာ စိတ်ကောင်းနှလုံးကောင်း၊ ကိုယ်ရည်ကိုယ်သွေးကောင်းနှင့် ရင့်ကျက်ကြံ့ခိုင်မှု ဆုလာဘ်တစ်မျိုးပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်ခွန်အားရရှိလာခြင်းပင်ဖြစ်သည်။ လူငယ်များကို စာဖတ်အောင်အားပေးနေခြင်းသည် သူတို့ဘဝတစ်သက်တာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် စိတ်သဘောထားနူးညံ့သိမ်မွေ့သူများဖြစ်သည်။ ထိုသို့ဖြစ်လာစေရန်အတွက်လည်း ခေတ်အဆက်ဆက်စာပေပညာရှင်များက ရေးသားလမ်းညွှန်ခဲ့ကြသည်။ အစားကောင်းစားရသည့်အခါ ချစ်ခင်ရသူများကိုသတိရသကဲ့သို့ စာကောင်းပေကောင်းဖတ်ရသည့်အခါလည်း ချစ်ခင်ရသူများကိုသတိရတတ်သည်။ ထို့ကြောင့် ယနေ့အချိန်အခါတွင် စာပေစကားဝိုင်းဆွေးနွေးပွဲများကျင်းပနေသည်မှာ ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ မိမိဖတ်မှတ်ထားသည့် ကောင်းသောအကြောင်းအရာအချက်အလက်များကို သူတစ်ပါးတို့သိရှိစေဖို့ပြန်လည်မျှဝေခြင်းသည် ကုသိုလ်တစ်ခုရယူလိုက်ခြင်းဖြစ်သည်။ စာပေကုသိုလ်မှာ ထိုမျှနှင့်အားမရသေး။ မိမိတို့တွင်ရှိနေသော တန်ဖိုးကြီးမားသည့်စာအုပ်စာစောင်များကို စာကြည့်တိုက်များသို့ လှူဒါန်းခြင်းမှာလည်း ကောင်းမွန်သောကုသိုလ်ဖြစ်သည်။

စာပေကုသိုလ်ရှင်များကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် စာကြည့်တိုက်များပေါ်ထွန်းလာသည်။ စာကြည့်တိုက်ယဉ်ကျေးမှုပေါ်ပေါက်လာသည်မှာ ဝမ်းသာဖွယ်ကောင်းလှသည်။ ရပ်ရွာအခြေပြုစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များကိုတန်ဆာဆင်ခြင်းမှာ ကုသိုလ်ကောင်းမှုပြုခြင်းပင်ဖြစ်သည်။ အကျိုးပြုသည့်စာကြည့်တိုက်များ၏အသွင်အပြင်ဆိုသည်မှာ စာဖတ်သူနှင့်စာအုပ်ချည်း ရှိရုံနှင့်မပြီးပါ။ မြေနေရာနှင့် အဆောက်အအုံလည်းရှိရမည်။ ရန်ပုံငွေလည်းရှိရမည်ဖြစ်သည်။

စာကြည့်တိုက်အများအပြားမှာ စာအုပ်စာပေမျိုးစုံနှင့်တင့်တယ်ခမ်းနားနေခြင်းက လူများကို စာများများဖတ်ရှုရန် ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ် ဆွဲဆောင်ရာရောက်သည့်အပြင် စာပေမြတ်နိုးသူများဆုံစည်းရာ၊ စာပေမြတ်နိုးသူများမွေးထုတ်ပေးရာအဖြစ်လည်း ရောက်ရှိသည်။ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ်သည့်အတွက် မည်သည့်အသက်အရွယ်မဆိုစာဖတ်ခြင်းဖြင့် မိမိတို့၏အသိအမြင်ဗဟုသုတများကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။ လူနေမှုပုံစံပြောင်းလဲတိုးတက်လာစေရေးနှင့်အသိပညာကြွယ်ဝသည့် လူမှုအသိုက်အဝန်းကိုပုံဖော်တည်ဆောက်ကြရန်အတွက် စာကြည့်တိုက်များမှာ ခိုင်မာသောမဏ္ဍိုင်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မိမိတို့ဘဝတိုးတက်မြင့်မားရေးအတွက် စာကြည့်တိုက်များသို့ သွားရောက်စာဖတ်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




ဧပြီလ၊ ၂၀၂၄ခုနှစ်

**မိတ္ထီလာ၊ လူမှုရေး**

# အခြေခံစက်ချုပ်နည်းပညာ(စင်တီမီတာချုပ်နည်း) သင်တန်းဖွင့်လှစ်သင်ကြားပေးသွားမည်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်နည်းပညာ(စင်တီမီတာချုပ်နည်း)သင်တန်းကို မေလ ၁၀ ရက်တွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)ရှိ လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား မေလ ၁၀ ရက်မှ ဇွန်လ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၎င်းသင်တန်းတွင် စက်နင်းလေ့ကျင့်ခြင်း၊ Pattern ရေးဆွဲနည်း၊ အမျိုးသမီးဝတ်ရင်စေ့အင်္ကျီ၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီ၊ အမျိုးသမီးဝတ်ရင်ဖြတ်ဆက်၊ အမျိုးသမီးဝတ်ချိတ်ထဘီ၊ အမျိုးသမီးဝတ်သုံးလွှာ၊ အမျိုးသမီးဝတ်လေးလွှာ၊ ကလေးဝတ်ဂါဝန်၊ ကလေးဝတ်ဘောင်းဘီ၊ အမျိုးသားဝတ်သင်္ဘောသားအင်္ကျီနှင့် အမျိုးသားဝတ်ရှပ်အင်္ကျီတို့ကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးမည့်အပြင် သင်တန်းကျောင်းရှိ အဆောင်တွင်နေထိုင်မည့် သင်တန်းသား၊ သင်တန်းသူများအတွက် နေထိုင်စားသောက်ရေး အခမဲ့စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၆၀၂)

**♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫**

၃-၅-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |
| ၆။ | ၂၁း၄၀ | Love Dictionary |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကွန်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

လားရှိုး၊ လူမှုရေး

# ကွန်ပျူတာအခြေခံသင်တန်း ပန်းအလှပြင် ပန်းအလှဆင်သင်တန်းနှင့် အခမ်းအနားမှူး သင်တန်းဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမကြီး၌ မေလ ၂ ရက် နံနက်ပိုင်းတွင် ကွန်ပျူတာအခြေခံသင်တန်း (၂/၂၀၂၄)၊ ပန်းအလှပြင်၊ ပန်းအလှဆင်သင်တန်း (၁/၂၀၂၄)နှင့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းကအဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (တွဲဖက်ပြည်နယ်ရုံး) ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က "ကျွန်မတို့ ကွန်ပျူတာသင်တန်းကိုတော့ သင်တန်းသား၊ သင်တန်းသူ ၁၉ ယောက်နဲ့ သင်တန်းကာလ တစ်လ၊ ပန်းအလှပြင်၊ ပန်းအလှဆင်သင်တန်းကိုတော့သင်တန်းသူ ၄၅ ယောက်ပါ။ ပန်းအလှပြင်သင်တန်းကိုတော့ အမှတ်စဉ်(၃)အထိ ဖွင့်လှစ်သွားမှာဖြစ်ပြီး တစ်ပတ်ကို လေးရက် သင်ကြားမှာပါ။ အခမ်းအနားမှူးသင်တန်းကိုတော့ သင်တန်းသူ ၃၃ ယောက်နဲ့ သင်တန်းကာလကတော့ နှစ်ရက်ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

(၆၀၈)

တောင်ဂူ၊ လူမှုရေး

# (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



မေလ ၅ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ မေလ ၂ ရက် နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်ဝင်းက လာရောက်ကြည့်ရှုအားပေးပြီး အာဟာရစားသောက်ဖွယ်ရာများနှင့် ပံ့ပိုးငွေများ ပေးအပ်သည်။ (၇၈) နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀ ဦးက တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဌာန၌ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ခရီးဆက်မယ် သွားစို့ကွယ်

* ထင်းစည်းစည်းရန်၊ သန္ဓေမှန်သည့်
လွန်းသန်ကြိုးသာ၊ ဆောင်ခဲ့ပါ
ကြကာပြန့်ကာ၊ ကွဲပြားရာမှ
ပမာစုစည်း၊ အင်အားကြီးသို့
ခရီးဆက်မယ် သွားစို့ကွယ်။

* ဘိုးဘွားတစ်တွေ၊ ဒီရေကိုသောက်
ဒီမြေပေါက်ဖွား၊ မြန်ပြည်သားပင်
"ဖ" ကားဆက်ဆောင်၊ ဇာတိပြောင်ဆဲ
စွမ်းဆောင်ရစ်ပတ်၊ မြတ်ထက်မြတ်သည်
နှင်းအပ်ခါခါ၊ လှံ့လပါ၍
မြန်မာခွန့်ရှည် တည်မြဲပေ၏။

* ပန်းခင်းရှစ်ခင်း၊ မွှေးထုံသင်းလျက်
မြစ်မင်းတောင်ခွေ၊ ရန်ကာပေ၏
ထွန်လေပျိုးလေ၊ စိုက်ပျိုးမြေနှင့်
အနေဘဝ၊ ယဉ်ကျေးကြ၏
နှုတ်စဆိုညှင်း၊ ပြန့်ပြောခြင်းဖြင့်
အဆင်းသန့်သန့်၊ ကမ္ဘာဆန့်၏
ဝင်းဖန့်မဆုံး၊ ပီတိဖုံးသည်
အားလုံးမြန်မာ ဂုဏ်ပုဒ်ကြောင့်။

* လှိုင်းတို့ငြိမ်မှ၊ စိတ်ချရ၏
အာဂရုန်းဖြန့်၊ လက်ရုံးဆန့်၍
ကြောက်လန့်ခြင်းမှာ၊ လွင့်ခဝါသို့
ညီညာချေဖျက်၊ ခိုင်ကျည်လက်နှင့်
တို့ဆက်လက်ခံ ကောင်းမွေမှန်။

* ထင်းစည်းစည်းရန်၊ သန္ဓေမှန်သည့်
လွန်းသန်ကြိုးသာ၊ ဆောင်ခဲ့ပါ
ကြကာပြန့်ကာ၊ ကွဲပြားရာမှ
ပမာစုစည်း၊ အင်အားကြီးသို့
ခရီးဆက်မယ် သွားစို့ကွယ်။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂-၅-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၈၀၀ | ၂၇၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၂၆၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀-၁၄၅၀၀ | ၁၁၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၄၀၀-၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၈၅၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၅၀၀ | ၄၈၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | တောင်ကြီး | ၇၅၀၀ | ၃၅၀၀ | ၂၇၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၅၂၅၀ | ၃၃၅၀ | - | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၅၀၀ | ၃၀၀ | ၃၅၀ |
| ၆ | မြိတ် | ၆၂၅၀ | ၃၅၅၀ | ၃၀၂၅ | ၁၆၅၀၀-၁၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၂၀၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ဒိုလန် | ၇၈၀၀ | - | - | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၄၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၂၀၀၀ | ၃၂၀၀၀ | ၂၅၀ | ၄၀၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**“ဒါ ကိုလတ်ပညာတွေပေါ့ အောင်က ရန်ထောင်ပြန်တော့ ကိုလတ်က အောင့်ကို မကြည့်ဘဲ မျက်နှာတည်လျက် သူပြောချင်တာတွေ ဆက်ပြောလာလေသည်။ ကိုလတ်ပြောလာသောစကားတွေမှာ တဖြည်းဖြည်းနှင့် လေးနက်လာပြန်တော့ အောင်သည် စိတ်အာရုံစိုက်လျက် နားထောင်ရပြန်သည်. . .”**

ယမန်နေ့မှအဆက်

**အခန်း(၄၃)**

ပန်းရုံတွေနားရောက်လာတော့ ကိုလတ်က. . .

“ဒီနားတစ်ဝိုက် ပန်းနံ့တွေနဲ့ မွှေးနေတာပဲ” ဟု ပြောလိုက်သေးသည်။

ပြောကြ၊ ဆိုကြရင်းနှင့် ကိုလတ်နှင့် အောင်တို့ ပန်းတွေကို ငုံ့ငုံ့နမ်းနေကြသည်။

ပန်းတွေကလည်း ညဘက်ပွင့်တော့မည့်ဟန်ရေးပြနေကြတော့ အငုံများ ပွင့်အာစပြုလာလေပြီ။

ကိုလတ်နှင့် အောင်တို့ ခေါင်းချင်းဆိုင်မိကြသောအခါ ကိုလတ်က သစ်ပင်ကို အကွယ်အကာယူပြီး အောင့်ပါးကို ဖွတ်ခနဲနမ်းလိုက်သည်။

ပြီးတော့ သူဘာမှမလုပ်သလို ရှုတည်တည်နှင့် ဣန္ဒြေမပျက် ဟိုပန်းတွေလက်ညှိုးထိုး၊ သည်ပန်းတွေလက်ညှိုးထိုးနဲ့ စကားတွေပြောနေလေရဲ့။

အောင့်မှာသာ ဖျတ်ခနဲလန့်သွားပြီး စိတ်ထဲတုန်တုန်လှုပ်လှုပ်နဲ့ လူမိတဲ့သူခိုးလို ဟိုကြည့်သည်ကြည့် လုပ်နေမိတယ်။

အနားမှာ ဘယ်သူမှမရှိပေမယ့် ဘယ်လိုစိုးရိမ်သွားမှန်းမသိဘူး။

ဘယ်သူများ တွေ့သွားမလဲလို့ ရှက်လိုက်တာ။ လျှပ်တစ်ပြက်လောက်တောင် ကြာတာမဟုတ်ပေမယ့် ရင်ထဲတလှပ်လှပ်နဲ့ ခုန်နေတယ်။

ပြီးတော့ အောင်က ခေါင်းအသာငုံ့ပြီး ပန်းတွေခူးလိုက်တယ်။

ပန်းတွေမခူးမိဘဲ အရွက်တွေချည်းပဲ ခူးနေမိလို့ ကိုလတ်ကတောင် သဘောကျပြီး ရယ်သေးတယ်။

“ဒါ ကိုလတ် ပညာတွေပေါ့”

အောင်က ရန်ထောင်ပြန်တော့ ကိုလတ်က အောင့်ကိုမကြည့်ဘဲ မျက်နှာတည်လျက် သူပြောချင်တာတွေ ဆက်ပြောလာလေသည်။

ကိုလတ်ပြောလာသောစကားတွေမှာ တဖြည်းဖြည်းနှင့် လေးနက်လာပြန်တော့ အောင်သည် စိတ်အာရုံစိုက်လျက် နားထောင်ရပြန်သည်။

စိတ်ကလည်း ဝင်စားလာမိသည်။

ဘယ်လောက်ဆိုးသည့် ကိုလတ်လဲ။ အနိုင်ယူတတ်သော ကိုလတ်လဲ။

ထို့နောက် အောင့်ကို သီချင်းတစ်ပုဒ် ဆိုပြမယ်တဲ့။ အချစ်သီချင်းလားဆိုတော့ ကိုလတ်က ခေါင်းကို ခါယမ်းပြလေသည်။

ထို့နောက် အသံမပါသောသီချင်းကို ကိုလတ်သည် အေးအေးသာသာရွတ်ပြနေသည်။

ရှေးအခါက သက်ဦးဆံပိုင် မင်းဧကရာဇ်ပဒေသရာဇ်တွေကို တော်လှန်သော သီချင်းဖြစ်မည်ထင်သည်။

ကိုလတ်၏မျက်လုံးများသည် နေရောင်တွင် တောက်ပြောင်ဝင်းလက်နေသည်။ ကိုလတ်အသံမပါသောသီချင်းကို တခြားသီချင်းတွေထက် အောင်က စွဲမက်လေသည်။

သည်သီချင်းကို ကူးယူမယ်ဆိုတော့ သူတို့နားရောက်လာသော ကိုအောင်က သူ့လွယ်အိတ်ထဲက မှတ်စုစာအုပ်ကို ထုတ်ကာ မှတ်စုထဲက ထိုသီချင်းကူးရေးထားသောစာရွက်ကို လွယ်လွယ်ကူကူစုတ်ပေးလိုက်လေသည်။

အောင်တို့အိမ်မှ သူတို့ပြန်သွားတော့ ယုဇန၊ ခွာဖြူနှင့် ဇွန်၊ စံပယ်ပန်းရုံတွေပေါ်သို့ လွှမ်းခြုံထားသော နေရောင်ခြည်ရွှေဝတ်ရုံတို့မှာ တစ်စတစ်စ ရုပ်သိမ်းသွားလေပြီတကား။

မကြာမီမှာဘဲ အချိန်ကာလဆိုတဲ့ ခြေလှမ်းတွေဟာ ညဘက်ကို ဦးတည်ခရီးနှင်ပြန်တော့မယ်။

**အခန်း(၄၄)**

မိုးရွာခါနီးလို့လားမသိ။

ထိုညက လမသာရုံမက ကြယ်ရောင်တွေပါပျောက်နေသည်။

ကုက္ကိုပင်နှင့် စိန်ပန်းပင်တို့သည် ညမီးရောင်အောက်တွင် အရိပ်ကျသည့်အပိုင်းမှာ မည်းနေသည်။

အောင်တို့ခြေလှမ်းကား ယုဒသန်ရိပ်သာရှေ့ရောက်တော့ ပိုသွက်လာကြသည်။

“ဒီနေ့က ခါတိုင်းထက် ပိုမှောင်လိုက်တာ”

အောင်ကပြောလိုက်သည်။

မိန်းကလေးဆိုလို့ မမစံ၊ ချောစု၊ ဆန်းဆန်းမြင့်နှင့် အောင်တို့လေးယောက်သာ ကျန်တော့သည်။

“နောက် ဒါလောက်မိုးချုပ်ကြီးမထွက်နဲ့ကွယ်၊ အပုပ်ချိန်ရောက်လာပြီ၊ အမှုသမားတွေနဲ့”

မမစံက သတိပေးလေသည်။

တစ်သိုက်ပြီးတစ်သိုက် အင်းလျားကန်ပေါင်ရိုးမှ ပြန်လာသောကျောင်းသားတွေက အောင်တို့အုပ်စုကို. . .

“မိုးချုပ်ပြီ၊ ပြန်ကြတော့လေ၊ စိတ်မချဘူး”

ချိတ်တိတ်တိတ်ပြောသွားကြသည်။

“နင်တို့အပူလားဟဲ့”

ဆန်းဆန်းမြင့်က ခပ်စွာစွာပြန်ပြောလိုက်တော့ ကျောင်းသားတစ်သိုက်က. . .

“ငါတို့က မပူပါဘူးဟာ၊ ပူတာက အမိတို့ပါ”

“အေး. . . နင်တို့မပူပေမယ့် နင်တို့အမေတွေ၊ နမတွေပူတော့ ဒဏ်ရင်ဆေးရုံကို လိုက်ပို့လိုက်ပေါ့”

အားလုံးက ဝေါခနဲရယ်ကြသည်။

သစ်ပင်အမှောင်ရိပ်ကွယ်က ဖြတ်သွားကြသော ကောင်လေးတစ်သိုက်နှင့် ဆန်းဆန်းမြင့်တို့ အချီအချစကားများနေကြလေသည်။

မမစံက ဆန်းဆန်းမြင့်၏လက်မောင်းကိုကိုင်ကာ. . .

“ဖက်ရန်မဖြစ်ကြပါနဲ့ကွယ်”

ပြောလိုက်သောစကားကို တစ်စွန်းတစ်စကြားရသော ကောင်လေးတွေက. . .

“ဖက်ချင်ဖက်ပါ၊ ရန်တော့မဖြစ်ပါနဲ့”

အောင်က လှမ်းအော်ပစ်ခဲ့ကာ ကျိတ်၍ ရယ်မောမိကြသေးသည်။

အပြန်မိုးချုပ်သဖြင့် ခပ်သုတ်သုတ်လှမ်းလာခဲ့ကြလေသည်။

ဂျက်ကိုစလိုဗက် သံအမတ်နေအိမ်သို့ ညွှန်ရာ အဝါရောင်ဆိုင်းဘုတ်ကြီးရှိရာ လမ်းထိပ်သို့ ရောက်လာကြလေ၏။

ထိုမြေနီလမ်းထိပ် အုတ်ခုံပေါ် ထိုင်နေသော ကောင်လေးနှစ်ယောက်သည် အောင်တို့လာရာသို့ ပြူးစားကြီး ထလာကြလေရာ အောင်တို့တစ်သိုက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြသည်။

ဆက်လက်ဖော်ပြပါမည်။

ညောင်လေးပင်၊ ဒေသဖွံ့ဖြိုးရေး

## ညောင်လေးပင်ခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီလ ၃၀ ရက်က ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များကို ပြောကြားသည်။

ဆက်လက်၍ ခရိုင်အဆင့်ဌာနဆိုင်ရာများသို့ စီမံကိန်းတာဝန်များကို သက်ဆိုင်ရာဌာနများကိုယ်စား ပေးအပ်ရာ လယ်ယာကဏ္ဍအတွက် ခရိုင်မြေစာရင်းဦးစီးမှူး၊ စက်မှုကဏ္ဍအတွက် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဝန်ဆောင်မှုကဏ္ဍအတွက် ခရိုင်ပညာရေးမှူးတို့ကိုပေးအပ်ပြီး ခရိုင်အတွင်းရှိ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်တို့မှ မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများထံ စီမံကိန်းတာဝန်များ အသီးသီးပေးအပ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ညောင်လေးပင်ခရိုင်အဆင့်၊ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ဝက်လက်၊ စိုက်ပျိုးရေး

## ဝက်လက်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၁၈၉၈၁ ဧကစိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဝက်လက်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၁၈၉၈၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်၌ နွေနှမ်း ၅၀၂၇၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၁၈၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

“ဒီနှစ် ဝက်လက်မြို့နယ်မှာ နွေနှမ်း ဧက ၅၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ လက်ရှိအချိန်ထိ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်စေဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးရာမှာ တစ်ဧကကို ငွေကျပ် တစ်သိန်းကျော်ကုန်ကျတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၆ တင်းကျော်ထွက်ရှိပါတယ်” ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျင်စန်းကပြောသည်။

ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်၌ နွေနှမ်း ၄၅၆၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတတိယပတ်မှ ဧပြီလအထိ စိုက်ပျိုးခဲ့ရာ စိုက်ပျိုးရာသီပြီးဆုံးချိန်တွင် ၆၆၄၀၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဝက်လက်မြို့နယ်၌ နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းသည့်မျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၀၅)

မိတ္ထီလာ၊ လူမှုရေး

# မိတ္ထီလာမြို့နယ်လူမှုဖူလုံရေးရုံးမှ လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိသူဦးရေ ၄၄၉၀ အတွက် ငွေကျပ် သိန်း ၃၅၆၀ ကျော်ထုတ်ပေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးမှ ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ လူမှုဖူလုံရေး ဥပဒေနှင့်အညီ လူမှုဖူလုံရေးအကျိုးခံစား ခွင့်ရရှိသူဦးရေ ၄၄၉၀ အတွက် ငွေကျပ် သိန်း ၃၅၆၀ ကျော် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးမှ လူမှု ဖူလုံရေးအကျိုးခံစားခွင့်ရရှိသူဦးရေ ၄၄၉၀ အတွက် ကျန်းမာရေးနှင့်လူမှုဖူလုံရေး စောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ တွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အဖြစ် ပံ့ပိုးငွေများပေးအပ်ရာ ကျန်းမာ ရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ် ခံစားခွင့်ရရှိသူ ၄၄၆၈ ဦးအတွက် ငွေကျပ် ၃၂၇၅၆၀၆၉၅ ဒသမ ၃၁ ကျပ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ် ခံစားခွင့်ရရှိသူ ၂၂ ဦးအတွက် ငွေကျပ် ၂၈၄၆၈၄၁၆ ဒသမ ၅ ကျပ်တို့ကို ထုတ် ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးစီမံကိန်းအား တစ်မျိုး သားလုံးအကျိုးဝင်သည့် စီမံကိန်းဖြစ်စေ ရန်ရည်မှန်းချက်ဖြင့် လူမှုအဖွဲ့အစည်းရှိ လူတိုင်းလူမှုဘဝလုံခြုံရေး၊ လူတိုင်းဂုဏ် သိက္ခာရှိရှိ ရပ်တည်နိုင်ရေး၊ မမျှတမှုနှင့် ဆင်းရဲမှုကိုကာကွယ်လျှော့ချရေးနှင့် ပုံမှန် ဝင်ငွေရရှိစေရေး အမျိုးသားလူမှုဖူလုံရေး စနစ်ထူထောင်ပြီး ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးစနစ်သည် မိမိတို့လုပ်ခလစာ မှ အနည်းငယ်စုပေါင်းထည့်ဝင်ခြင်းဖြင့် မိမိတို့ကို လူမှုဒုက္ခတို့မှ ကာကွယ်မှုပေး ပြီး တခြားလူမှုဒုက္ခအခက်အခဲတွေ့ကြုံ နေရသည့်သူများကိုလည်း ဆေးဝါးကုသ မှုအခွင့်အရေးနှင့် ငွေကြေးအကျိုးခံစား ခွင့်တို့ရရှိစေရန် ဥပဒေနှင့်အညီ ဝန်ဆောင် မှု ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဖူလုံရေး အာမခံစနစ်ခြောက်မျိုး ရှိသည့်အနက် လက်ရှိတွင် ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ အတွက် အကျိုးခံစားခွင့်များရရှိနိုင်ရန် ထည့်ဝင်ကြေးများ ပေးဆောင်ရကြောင်း သိရသည်။

(၆၀၂)

သဲကုန်း၊ လူငယ်ရေးရာ

# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ပညာရေးဌာန အခြေခံ ပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်း သူများအကျိုးရှိစေရန်ရည်ရွယ်၍ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံ အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို မေလ ၂ ရက်တွင် အခြေခံပညာအထက်တန်း ကျောင်း(သဲကုန်း)သာခုခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယဉ်ထွေးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့ နယ်ပညာရေးမှူး ဦးသိန်းထွဋ်က သင်တန်း များ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားရာ၌ နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်လူငယ် များပေါ်ထွန်းလာစေရန်၊ အခြေခံအင်္ဂလိပ် စာကို စနစ်တကျတတ်မြောက်စေရန်ရည် ရွယ်၍ သင်တန်းများဖွင့်လှစ်ရခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းပို့ချနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ် ထွေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်း ထွဋ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှရွှေနှင့်အဖွဲ့ ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် များက ကြည့်ရှုအားပေးကြပြီး သင်တန်း သား၊ သင်တန်းသူများကို အာဟာရမုန့် များဝေငှပေးကြသည်။

အဆိုပါနွေရာသီယဉ်ကျေးလိမ္မာသင် တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းကို မေလ ၂ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ် လျက်ရှိပြီး သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်ကြ ကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

မကွေး၊ ချေးငွေ

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ပဲနှမ်းစိုက်တောင်သူများအား မေလအတွင်း ချေးငွေထုတ်ချေးပေးရန်စီစဉ်နေ

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ မြို့သစ်၊ ရေနံချောင်းနှင့်ချောက် မြို့နယ်တို့မှ ပဲ၊ နှမ်းစိုက်တောင်သူများအား မေလအတွင်း ချေးငွေ ငွေကျပ် သိန်း ၇၀၀၀ ထုတ်ချေးပေးရန်စီစဉ်နေကြောင်း တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့(မကွေး)မှ သိရသည်။

အဆိုပါတိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ (မကွေး)သည် ပုဂ္ဂလိကဘဏ်နှင့်ချိတ်ဆက် ကာ ပဲ၊ နှမ်းစိုက်တောင်သူများကို တစ်ဦး လျှင် ငွေကျပ် သုံးသိန်းထုတ်ချေးပေးရန် စီစဉ်ထားကြောင်း သိရသည်။


"တောင်သူတွေ စိုက်ပျိုးရေးအတွက် အသုံးပြုရမယ့် အလုပ်သမားငှားရမ်းခ အတွက် ရည်ရွယ်ပြီးချေးပေးတာပါ။ တောင်သူတစ်ဦးကို ငွေကျပ်သုံးသိန်း ချေးပေးမှာပါ။ မကွေး၊ မင်းဘူး၊ မြို့သစ်၊ ရေနံချောင်းနဲ့ ချောက်မြို့နယ်တို့က ပဲ၊ နှမ်းစိုက်တောင်သူတွေကို မေလအတွင်း ထုတ်ချေးပေးဖို့ရှိပါတယ်။ ပဲ၊ နှမ်း နှစ်မျိုး စလုံးစိုက်တဲ့ တောင်သူတွေကတော့ ချေးငွေ နှစ်ခုစာရရှိမှာပါ"ဟု တိုင်းတောင်သူဖွံ့ဖြိုး ရေးအဖွဲ့(မကွေး) အတွင်းရေးမှူး ဦးစိုးလွင် အေးကပြောသည်။

ပဲ၊ နှမ်းနှစ်မျိုးစလုံး စိုက်ပျိုးသည့် တောင်သူများကို ချေးငွေနှစ်ခုရရှိနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါတိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ (မကွေး)သည် ယခင်နှစ်များကလည်း တောင်သူများအတွက် အတိုးနှုန်းသက်သာ စွာ ချေးငွေရရှိရန်စီစဉ်ခဲ့သည့်အပြင် ပြီးခဲ့ သည့်လကလည်း မကွေးတိုင်းဒေသကြီး အတွင်းရှိ ပွင့်ဖြူ၊ စလင်းနှင့်စကုမြို့နယ်တို့ မှ တောင်သူများကို ငွေကျပ် သိန်း ၃၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ**

မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မင်းဘူး | ၄၄.၀ °C |
| တံတားဦး(လေကြောင်းဆိုင်ရာမိုးလေဝသ) | ၄၃.၈ °C |
| မုံရွာ | ၄၃.၄ °C |
| ပြည် | ၄၃.၄ °C |
| ဂန့်ဂေါ | ၄၃.၂ °C |
| အောင်လံ | ၄၃.၁ °C |
| စစ်ကိုင်း | ၄၃.၀ °C |
| မန္တလေး | ၄၂.၈ °C |
| သာယာဝတီ | ၄၂.၈ °C |
| ဇောင်းတူ | ၄၂.၄ °C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပူတာအို | (၀.၉၁)လက်မ |
| မြစ်ကြီးနား | (၀.၄၃)လက်မ |
| မချမ်းဘော | (၀.၂၈)လက်မ |
| ဟုမ္မလင်း | (၀.၂၀)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၆ | ၂၉ |
| ရှမ်း(မြောက်) | ၂၀ | ၃၆ |
| ရှမ်း(အရှေ့) | ၁၅ | ၃၈ |
| ရှမ်း(တောင်) | ၁၆ | ၃၄ |
| ချင်း | ၁၇ | ၂၉ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၇ |
| စစ်ကိုင်း(အောက်) | ၂၄ | ၄၀ |
| နေပြည်တော် | ၂၇ | ၃၈ |
| မန္တလေး | ၂၉ | ၄၂ |
| မကွေး | ၂၆ | ၄၂ |
| ရခိုင် | ၂၆ | ၃၆ |
| ပဲခူး | ၂၄ | ၄၀ |
| ရန်ကုန် | ၂၅ | ၃၉ |
| ဧရာဝတီ | ၂၆ | ၄၁ |
| ကယား | ၂၂ | ၃၇ |
| ကရင် | ၂၇ | ၃၉ |
| မွန် | ၂၇ | ၃၇ |
| တနင်္သာရီ | ၂၆ | ၃၉ |

ရန်ကုန်၊ စီးပွားရေး

# ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၁၉ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိ

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၁၉ ရက်အထိ ပြည်ပသို့လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ၁၉ ရက်တာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှု အနေဖြင့် ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၄၁ ဒသမ ၈၉၄ သန်း ရရှိ ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၁၉ ရက်အထိ ပြည်ပသို့လယ်ယာထွက် ပစ္စည်းတင်ပို့မှုမှာ ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၂၂၉ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံ၌ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ် လုပ်မှုမှ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပ သို့တင်ပို့လျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရာ၌ လယ်ယာထွက်ပစ္စည်းတင်ပို့မှုသည် ပြည်ပ ပို့ကုန်များတွင် ဒုတိယအများဆုံးဖြစ်ပြီး စက်မှုကုန်ချောသည် အများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ သစ်တောထွက် ပစ္စည်း၊ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန် ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တု တွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၁၉ ရက် အထိ ပြည်ပပို့ကုန် စုစုပေါင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၅၇ ဒသမ ၈၂၉ သန်းရရှိကြောင်း၊ ထို့ပြင် ပြည်ပမှ ရင်းနှီး မြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကို တင်သွင်းကြောင်း သိရသည်။ **စောယု**

နေပြည်တော် မေ ၂

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၄-၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၄-၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှု နှစ်ချုပ်အစီရင်ခံစာအား မှတ်တမ်းတင်နိုင်ရန်နှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး၊ စက်ပစ္စည်း၊ အခြား) ကဏ္ဍအနက် စက်ပစ္စည်းအသုံးစရိတ်သည် ငွေကျပ် ၂၃၈၁၁၃၂ ဒသမ ၇၈ သန်းပါဝင်သဖြင့် ရာခိုင်နှုန်း ၄၀ ဒသမ ၉၇ ရှိကြောင်း၊ ထို့ပြင် "ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုင်ရာညွှန်ကြားချက်" ကို ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားရရှိပြီးဖြစ်သည့်အတွက် ညွှန်ကြားချက်ထုတ်ပြန်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြထားပြီးဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် စီမံကိန်းတန်ဖိုးပြောင်းလဲမှု အမှုတွဲသုံးစောင်တင်ပြထားပါသဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၃ ပါ ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့်အထောက်အထားစာရွက်စာတမ်းများကို ကော်မတီသို့ တင်ပြရန် အကြောင်းကြားပြီးဖြစ်၍ အမှုတွဲအမြန်ပြီးပြတ်နိုင်ရေး သက်ဆိုင်ရာဌာနက ဆောင်ရွက်ပေးရန်လိုကြောင်း၊ စက်ပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းပြုစုနိုင်ရေးအတွက် စက်ပစ္စည်းကြီးကြပ်မှုနှင့် စံချိန်စံညွှန်းသတ်မှတ်ရေးစာစောင်နှင့် စက်မှုဝန်ကြီးဌာန၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရန်လုပ်ငန်းလမ်းညွှန်(မူကြမ်း) (Project Executing and Implementation Guidelines - Draft) တို့ကို ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် အကြံပြုချက်များကို ကော်မတီသို့ ပေးပို့သွားရမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု နှစ်ပတ်လည်အစီရင်ခံစာကို ရှင်းလင်းတင်ပြခြင်း၊ ကော်မတီ၏ နောက်ခံသမိုင်းအကျဉ်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီအဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့မှု၊ လက်ရှိဖွဲ့စည်းထားရှိမှု၊ မူဝါဒနှင့်လုပ်ငန်းတာဝန်၊ ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း) လျာထားခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့်တင်ပြခြင်းနှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းများအပေါ် စိစစ်ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂

# အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများချမှတ်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ကျင်းပသည့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ချမှတ်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ရာ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒကို မိတ်ဆက်ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် ယင်းမူဝါဒပါ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ချမှတ်ဆောင်ရွက်နိုင်ရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် အရေးကြီးသည့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုမှသည် တည်ခင်းစားသုံးမှုအထိ အစားအသောက် ကွင်းဆက်တစ်လျှောက် အစားအသောက်ဘေးကင်းရေးစံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ အစားအသောက်ကွင်းဆက်တစ်လျှောက်တွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကဏ္ဍအလိုက် တာဝန်ယူလျက်ရှိကြောင်း၊ လူအများနေ့စဉ်စားသုံးသည့် အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးကြောင်း၊ ဘေးအန္တရာယ်ရှိသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ချက်ချင်းလက်ငင်း ကျန်းမာရေးဆိုးကျိုးများရရှိနိုင်သကဲ့သို့ အချို့ကိစ္စရပ်များတွင် နာတာရှည်ရောဂါများဖြစ်ပွားနိုင်ကြောင်း၊ တိုးတက်လာသည့်လူဦးရေ၊ ဖွံ့ဖြိုးလာသည့် နည်းပညာများကြောင့် ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်၊ တင်သွင်းသည့်အစားအသောက်များ လွန်စွာများပြားလာသည့်အတွက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရာတွင် များစွာအခက်အခဲရှိကြောင်း၊ အစားအသောက် စိုက်ပျိုးထုတ်လုပ်မှုမှသည် စားသုံးသည်အထိ အစားအသောက်ကွင်းဆက်တစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရာတွင် နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အစားအသောက်ကွင်းဆက်တစ်လျှောက် နှီးနွှယ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သည့်အပြင် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ (Roles and Responsibilities) ရေးဆွဲချမှတ်ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ MSME လုပ်ငန်းများ၏ ၇၀ ရာခိုင်နှုန်းသည် အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်ဖြစ်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးဦးတည်ချက်ကို များစွာအထောက်အကူဖြစ်မှာဖြစ်သည့်အတွက် နှီးနွှယ်ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။



ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများချမှတ်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး (အစားအသောက်)ဒေါက်တာပြည့်ဖြိုးက အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစားအသောက်ကွင်းဆက်တစ်လျှောက် နှီးနွှယ်ဌာနအသီးသီးအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေမှုအခြေအနေ အကျဉ်းချုပ်နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှီးနွှယ်ဝန်ကြီးဌာနများ၏ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက အစားအသောက်ကွင်းဆက်တစ်လျှောက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နေမှုများကို အသေးစိတ် ဝိုင်းဝန်းဆွေးနွေးတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နှီးနွှယ်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်းကိုယ်စားလှယ် ၁၀၈ ဦး တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ၂-၅-၂၀၂၄ မှ ၃-၅-၂၀၂၄ ရက်အထိ နှစ်ရက်တာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂

# စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



စကားရပ်များပြောင်းလဲသတ်မှတ်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ၁၉၀၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် အခွန်ဝန်ကြီးဌာနအောက်၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၅) ဆုံးဖြတ်ချက်အရ နိုင်ငံတကာအသုံးအနှုန်းနှင့် လျော်ညီမှုရှိစေရန် "လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန" ဟု အမည်ပြောင်းခဲ့သော်လည်း ဌာန၏မူလလုပ်ငန်းစဉ်များအရလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁ တွင် "ကြေးတိုင်နှင့်မြေစာရင်း"ဟု ဖော်ပြထားခြင်းကြောင့်လည်းကောင်း မူလအမည်ဖြစ်သည့် "ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန" ဆိုသည့် အမည်နှင့်သာ ကိုက်ညီမှုအရှိဆုံးဖြစ်သည့်အတွက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များတွင်ပါရှိသော ဦးစီးဌာန၏အမည်ကိုပြောင်းလဲလို၍ အဆိုပါ ဥပဒေ(မူကြမ်း)ကို ရေးဆွဲရခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုချင်းအလိုက် ရေးဆွဲပြဋ္ဌာန်းခြင်းမှာ သင့်လျော်မှန်ကန်မှုမရှိကြောင်း၊ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်၊ ညွှန်ကြားချက်များတွင်ပါရှိသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဆိုသည့်စကားရပ်ကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနဆိုသည့် စကားရပ်အဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းမည့်အစား အခြားလျော်ကန်သင့်မြတ်သည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်သင့်ကြောင်း ပြောကြားပြီး ဆောင်ရွက်ရမည့်အလျော်ကန်ဆုံးနည်းလမ်းကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၂

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ လက်ခံတွေ့ဆုံ



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့်အဖွဲ့ကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရုရှားသံရုံးမှ စီးပွားရေးရာကောင်စစ်ဝန်နှင့် သံတမန်ရေးရာသံမှူးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၂

# ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်



ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီလ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကြို့ပင်ကောက်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၅၉ ခုမှ ပြည်သူ ၂၄၃ ဦး၊ အုတ်ဖိုမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၃ ခုမှ ပြည်သူ ၃၃၂ ဦး စုစုပေါင်း ၅၇၅ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့်အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့်ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်တွင်းကြီး မေ ၂

# တောင်တွင်းကြီးမြို့နယ်၌ အပူဒဏ်ကာကွယ်နိုင်ရန် အပူရှောင်စခန်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ယခုရက်ပိုင်းအတွင်း မြင့်တက်လာသည့်အပူရှိန်ကြောင့် အပူဒဏ်ကာကွယ်နိုင်ရန် အပူရှောင်စခန်းများ အမြန်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အပူရှောင်စခန်းဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများ၊ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များပူးပေါင်း၍ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်စောင်းတန်းများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ စောင်းတန်းအမိုးပေါ်တွင် အပူရှိန်လျှော့ချနိုင်ရန် ပန့်ရေများတပ်ဆင်၍ ရေဖျန်းခြင်း၊ မီးကြိုးများသွယ်တန်းခြင်း၊ တစ်ဦးချင်းသက်သောင့်သက်သာနားနေလဲလျောင်းနိုင်ရန်အတွက် ခုတင်များ ညီညာစွာထားရှိခြင်း၊ အပူရှောင်လာရောက်ကြသည့် ဒေသခံပြည်သူများထားသိုသိမ်းဆည်းနိုင်ရန် ခုံများထားရှိခြင်း၊ ကျိုးပဲ့သစ်ကိုင်းများခုတ်ခြင်း၊ သွပ်မိုးအပေါက်ငယ်များဖာထေးခြင်းနှင့်သွပ်အစားထိုးပြုပြင်ခြင်း စသည်တို့ကို ဧပြီလ ၂၉ ရက်မှစတင်၍ အပူရှောင်စခန်းအမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ရန်နောင်စိုး(ပြန်/ဆက်)**



# သတိရှိစေဖွယ် ငှက်ဖျားရောဂါအန္တရာယ်

ငှက်ဖျားရောဂါသည် ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အဖြစ်များသည်။ ငှက်ဖျားရောဂါပိုးသယ်ဆောင်လာသည့် Anopheles ဟုခေါ်သော ခြင်မ အကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်ပွားရသည်။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားတတ်ပြီး အကယ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ငှက်ဖျားရောဂါဖြစ်ပွားပါက အချိန်မတိုင်မီ ကလေးမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်း၊ မွေးဖွားပြီးပြီးချင်း ကလေးသေဆုံးခြင်း၊ သားလျှောခြင်းတို့ဖြစ်နိုင်သည်။

ထိုခြင်မ အကိုက်ခံရပြီးနောက် ၁၀ ရက်မှ ရက်သတ္တသုံးပတ်အတွင်း၌ လူ့ခန္ဓာကိုယ်အတွင်း ငှက်ဖျားရောဂါပိုးဝင်ပြီး ရောဂါပိုးတစ်ကြိမ်ဝင်မိပြီဆိုသည်နှင့် အမြစ်ပြတ်ရန် လွန်စွာခဲယဉ်းသည်။ ရောဂါဖြစ်ပွားမှုပြင်းထန်ပါက တစ်ကြိမ်တည်းဖြင့် အသက်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ငှက်ဖျားရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများမှာ လွန်စွာများပြားသဖြင့် ခြင်ကိုက်မခံရအောင် နည်းအမျိုးမျိုးဖြင့် ကြိုတင်ကာကွယ်သင့်သည်။

ထို့ပြင် ငှက်ဖျားရောဂါကို ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းတို့တွင် အချိန်သည် အရေးကြီးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် ဆရာဝန်ထံတွင် အမြန်သွေးစစ်ကိရိယာဖြင့် စစ်ဆေးမှုခံယူသင့်သည်။ အမြန်သွေးစစ်ကိရိယာသည် အသုံးပြုရလွယ်ကူပြီး ရောဂါစစ်ဆေးမှုရလဒ်ကို လျင်မြန်စွာသိရှိနိုင်သည်။

## ငှက်ဖျားရောဂါလက္ခဏာများ

ငှက်ဖျားရောဂါ၏လက္ခဏာများမှာ ချွေးစေးများထွက်ကာ ချမ်းတုန်၍ဖျားခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်း စသည်တို့ဖြစ်ပြီး တုပ်ကွေးနှင့်တူသော တခြားလက္ခဏာများလည်းရှိသည်။ အကယ်၍ ရောဂါပြင်းထန်လာပါက သွေးအားနည်းခြင်း၊ ဆီးထဲသွေးပါခြင်း၊ ငှက်ဖျားပိုးဦးနှောက်ထဲရောက်ကာ သတိလစ်မေ့မြောခြင်း၊ အဖျားကြီးလွန်း၍ သတိလစ်မေ့မြောခြင်း၊ သွေးထဲတွင် သကြားဓာတ်လျော့ကျသွားခြင်း၊ အသက်ရှူလမ်းကြောင်းတွင် ပြဿနာဖြစ်လာနိုင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် သရက်ရွက်ကြီးခြင်းတို့ဖြစ်သည်။

## ဆေးယဉ်ပါးငှက်ဖျားရောဂါ

ဆေးယဉ်ပါးငှက်ဖျားရောဂါဆိုသည်မှာ ငှက်ဖျားဆေးများပုံမှန်မသောက်ခြင်း၊ ငှက်ဖျားဆေးအတုများ သောက်သုံးမိခြင်းတို့ကြောင့် ဆေးမတိုးသောငှက်ဖျားရောဂါအဖြစ်သို့ ရောက်ရှိလာခြင်းကိုဆိုလိုသည်။ ယင်းဆေးယဉ်ပါးငှက်ဖျားရောဂါသည် ယခုအခါ အိမ်နီးချင်းနိုင်ငံတချို့၌ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့လာခြင်းမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၌ ယင်းရောဂါအတွက် အလေးထားကာကွယ်စောင့်ရှောက်မှုများဆောင်ရွက်ခြင်းအပြင် ပြည်တွင်းဆေးဈေးကွက်အတွင်း ငှက်ဖျားဆေးအတုများ ဝင်ရောက်လာခြင်းမရှိစေရန် သက်ဆိုင်ရာအစိုးရဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပုံမှန်ငှက်ဖျားဆေးများကို ခံနိုင်ရည်ရှိသော ဆေးယဉ်ပါးငှက်ဖျားရောဂါသည် အရှေ့တောင်အာရှနိုင်ငံများသို့ လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ ဆေးပညာရှင်များကဆိုသည်။ ငှက်ဖျားရောဂါနှိမ်နင်းတိုက်ဖျက်ရာတွင် အောင်မြင်မှုကြီးမားအောင် လုပ်ဆောင်လာနိုင်သော်လည်း ဆေးဒဏ်ခံနိုင်သော ရောဂါပျံ့နှံ့လာမှုက ခြိမ်းခြောက်လျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံအတွင်း လက်ရှိ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းကျဆင်းနေသော်လည်း ဆေးယဉ်ပါးငှက်ဖျားရောဂါအတွက် စိုးရိမ်ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ သတိပေးထားသည်။

## ငှက်ဖျားရောဂါနှင့်သေဆုံးမှု

နှစ်စဉ် ကမ္ဘာတစ်ဝန်း၌ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ သန်း ၃၅၀ မှ သန်း ၅၀၀ နီးပါးရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းမှ သုံးသန်းကြားတွင်ရှိနေခြင်းကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲလာမှုသည် ငှက်ဖျားရောဂါကို ပိုမိုကျယ်ပြန့်စေသဖြင့် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၅၀ ပြည့်နှစ်ကြား လူဦးရေ ၆၀၀၀၀ ခန့် ငှက်ဖျားရောဂါကြောင့် သေဆုံးနိုင်ဖွယ်ရှိကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကို အထူးအလေးပေးအားစိုက်နေရသဖြင့် ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါကြောင့် သေဆုံးမှုသည်လည်း ၁၂ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကဆိုသည်။

ကမ္ဘာ့ပထမဆုံးငှက်ဖျားရောဂါကာကွယ်ဆေး Mosquirix ထိုးနှံရေးအစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် အာဖရိကတိုက်၌ စတင်ခဲ့သည်။ လက်တွေ့စမ်းသပ်လေ့လာမှုများ၏ရလဒ်များအရ Mosquirix ကာကွယ်ဆေးသည် ကလေးများတွင် ငှက်ဖျားရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ ၆၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း သိရသည်။

## မြန်မာနိုင်ငံနှင့် ငှက်ဖျားရောဂါ

မှတ်တမ်းများအရ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ လေးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ရောဂါဖြစ်ပွားမှုလျော့ကျသွားပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တစ်သိန်းကျော်သာရှိတော့ကြောင်း မှတ်တမ်းများအရ သိရသည်။ မည်သို့ပင်ဆိုစေကာမူ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအသွင် ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့ငှက်ဖျားရောဂါဖြစ်ပွား/သေဆုံးမှု၏ ၉၀ ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများ၌ ဖြစ်ပွားလျက်ရှိပြီး ဒုတိယအများဆုံးဖြစ်ပွား/သေဆုံးမှုမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့နှင့်အတူ ဖြစ်ပွား/သေဆုံးမှုနှုန်းအများဆုံးနိုင်ငံများတွင် ပါဝင်နေသည်။ မြန်မာ့လူဦးရေတစ်ဝက်ကျော်သည် ငှက်ဖျားရောဂါကူးစက်မှုအန္တရာယ်ရှိသည့်ဒေသများ၌နေထိုင်ကြရပြီး ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းစာရင်းအရ မြန်မာတစ်နိုင်ငံလုံး၌ ငှက်ဖျားရောဂါဖြစ်ပွားသူ သုံးသိန်းနီးပါးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏မှတ်တမ်းများတွင် ဖော်ပြထားသည်။

## အိမ်တွင်းကုထုံးများ

ငှက်ဖျားရောဂါသည် ရာသီဥတုချမ်းအေးသော တောတောင်များ၌ ကူးစက်ပျံ့နှံ့မှုလွန်စွာမြင့်မားသည်။ အကယ်၍ ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့် အရပ်ဒေသများသို့ မဖြစ်မနေသွားရမည်ဆိုပါက ဆရာဝန်နှင့်တိုင်ပင်ကာ ငှက်ဖျားရောဂါကာကွယ်ဆေး ကြိုတင်သောက်သုံးခြင်း သို့မဟုတ် ကြိုတင်ထိုးနှံခြင်း၊ ဆေးဆောင်ထားခြင်းတို့ ပြုလုပ်သင့်သည်။

ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ၌ ရှေးပဝေသဏီကတည်းကစ၍ ဖြစ်ပေါ်လာခဲ့သဖြင့် ရှေးလူကြီးများက အိမ်တွင်းကုထုံးများကိုအသုံးပြုကာ ငှက်ဖျားရောဂါကို အမြစ်ပြတ်အောင်ကုသခဲ့ကြသည်။ သို့ပါ၍ ငှက်ဖျားရောဂါနှင့်ပတ်သက်သော လွယ်ကူမြန်ဆန်သည့် အိမ်တွင်းကုထုံးများကို ဗဟုသုတရစေရန် အောက်ပါအတိုင်း ပြန်လည်မျှဝေပေးလိုက်ပါသည်။

- ငှက်ဖျားရောဂါအတွက် စပါးလင် လက်ဖက်ရည်က ကောင်းစွာထိရောက်မှုရှိသည်။ စပါးလင်ပင် လတ်လတ်ဆတ်ဆတ်ကို ထုထောင်း၍ ရေနွေးပူပူတွင် ခတ်သောက်ပါက ငှက်ဖျားရောဂါကိုပျောက်ကင်းစေနိုင်သည်။

- တမာပင်၏အခေါက်က အဖျားရောဂါအမျိုးမျိုးအတွက် ဆေးဖက်ဝင်အသုံးပြုနိုင်သည်။

- မြင်းခွာရွက်နှင့် ငရုတ်ကောင်းစေ့တို့ကို အလေးချိန်ဆတူရောကြိတ်၍ သောက်ပေးခြင်းဖြင့် ငှက်ဖျားရောဂါ အမြစ်ပြတ်ပျောက်ကင်းစေသည်။

- မှန်ကူသီးကိုအစေ့ထုတ်၍ အမှုန့်ပြုလုပ်ပြီး ဖန်ခါးမှုန့်နှင့်ရောကာသမအောင်ပြုလုပ်ပြီး ဆီးကင်းခန့် အလုံးလေးများပြုလုပ်၍ တစ်နေ့တစ်လုံး နံနက်တိုင်းသောက်ပေးခြင်းဖြင့် ငှက်ဖျားရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်သည်။

- မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများ၏အဆိုအရ မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ငရုတ်ကောင်းမှုန့်သုံးမျိုးကို ဆတူရောကြိတ်ပြီး သုံးရွေးသားစီခန့်လုံး၍ နံနက်တစ်လုံး၊ ညတစ်လုံးသောက်ပါက ငှက်ဖျားရောဂါကင်းစင်ပြီး သက်ရှည်ကျန်းမာစေနိုင်သည်။

- လတ်လတ်ဆတ်ဆတ်ကင်ပွန်းချဉ်ရွက်ကြိတ်ရည် (သတ္တုရည်) ကို သောက်သုံးပါက ငှက်ဖျားရောဂါဖြစ်ပွားမှုကိုကာကွယ်နိုင်သည်။

- ဒန့်သလွန်ရွက် လက်တစ်ဆုပ်စာကို သိန္ဓောဆားရွေးကြီးစေ့ခန့်ထည့်၍ အရည်ညှစ်ပြီး မျက်စဉ်းခတ်ပေးပါက ငှက်ဖျားတက်ခြင်းကို ပျောက်ကင်းစေနိုင်ကြောင်း၊ ငှက်ဖျားမတက်မီ မျက်စဉ်းခတ်ရန် သို့မဟုတ် ကျောထဲမှ ချမ်းစိမ့်စိမ့်ဖြစ်လာလျှင် ယင်းမျက်စဉ်းခတ်ရန် အရှင်နာဂသိန်၏သိမ်ဖြူဆေးကျမ်းတွင် ဖော်ပြထားသည်။

- ခင်ပုပ်မြစ် (ဒန်ပူပင်)၊ ဥသျှစ်မြစ်နှင့် သနပ်ခါးမြစ်တို့ကို ဆတူအမှုန့်ပြုလုပ်ပြီး ငါးရွေးသားခန့်ကို တစ်နေ့သုံးကြိမ် ရေနွေးပူပူဖြင့် သောက်ပေးပါက ငှက်ဖျားရောဂါသက်သာပျောက်ကင်းစေနိုင်သည်။

"ငှက်ဖျားရောဂါ၏လက္ခဏာများမှာ ချွေးစေးများထွက်ကာ ချမ်းတုန်၍ဖျားခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်း စသည်တို့ဖြစ်ပြီး တုပ်ကွေးနှင့်တူသော တခြားလက္ခဏာများလည်းရှိသည်။ အကယ်၍ ရောဂါပြင်းထန်လာပါက သွေးအားနည်းခြင်း၊ ဆီးထဲသွေးပါခြင်း၊ ငှက်ဖျားပိုးဦးနှောက်ထဲရောက်ကာ သတိလစ်မေ့မြောခြင်း၊ အဖျားကြီးလွန်း၍ သတိလစ်မေ့မြောခြင်း၊ သွေးထဲတွင် သကြားဓာတ်လျော့ကျသွားခြင်း၊ အသက်ရှူလမ်းကြောင်းတွင် ပြဿနာဖြစ်လာနိုင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် သရက်ရွက်ကြီးခြင်းတို့ဖြစ်သည်. . ."

- ငရုတ်ကောင်း ၄၅ စေ့ကို ညက်အောင်ထောင်း၍ လက်ဖက်စို ၅ ကျပ်သားကို စေးပိုင်နေအောင်ထောင်းပြီး နှစ်မျိုးစလုံးကို သမအောင်ထပ်မံထောင်းပေးပါ။ ယင်းကို အလုံးကလေး ၄၅ လုံးရအောင်လုံးပြီး နေရောင်ပြ၍ အခြောက်ခံပါ။ နံနက်သုံးလုံး၊ ညသုံးလုံးကို ခုနစ်ရက်တိတိ ရေကျက်အေးဖြင့် သောက်ပေးခြင်းဖြင့် ငှက်ဖျားရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။ သောက်နေစဉ် အဖျားမတက်စေရန် ကြာဆံဟင်းခါးပူပူကို ငရုတ်ကောင်းမှုန့်နိုင်နိုင်ထည့်ပြီး အဖျားမတက်မီ တစ်နာရီခန့်အလို ကြိုတင်သောက်ထားပေးပါ။ ဤနည်းက သမားစဉ်ဆက်ထားရစ်ခဲ့ကြသော ငှက်ဖျားပြတ် လက်ဖက်ဆေးစွမ်းကောင်းတစ်လက်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘောဒီးယား၊ တရုတ် (ယူနန်ပြည်နယ်)၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် မဟာမဲခေါင်ဒေသခွဲခြောက်နိုင်ငံသည် ငှက်ဖျားရောဂါပပျောက်ရေးအတွက် ဆက်လက်လုပ်ဆောင်နေပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု ၉၇ ရာခိုင်နှုန်း လျော့ကျသွားကြောင်း အစီရင်ခံစာအရ သိရသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း တီဘီ၊ အိတ်ချ်အိုင်ဗွီနှင့် ငှက်ဖျားရောဂါဖြစ်ပွားနှုန်းအများဆုံးနိုင်ငံများတွင် ပါဝင်နေဆဲဖြစ်သော်လည်း ယင်းအစီရင်ခံစာအရ ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွင် အောင်မြင်မှုရှိနေသည်မှာ ဝမ်းသာစရာဖြစ်သည်။

ငှက်ဖျားရောဂါကို ၂၀၅၀ ပြည့်နှစ်အတွင်း ကမ္ဘာပေါ်မှ အပြီးတိုင်တိုက်ဖျက်နိုင်လိမ့်မည်ဟု ရည်မှန်းထားသော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပါအဝင် ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများနှင့် တခြားသောအကြောင်းရင်းများကြောင့် ငှက်ဖျားရောဂါတိုက်ဖျက်ရာတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် လူအများ တစ်နေရာမှတစ်နေရာသို့ သွားလာမှုများပြားခြင်း၊ ဆေးယဉ်ပါးငှက်ဖျားပိုးများ ပျံ့နှံ့လာခြင်း၊ ငှက်ဖျားဆေးဝါးအတုများနှင့် အရည်အသွေးမပြည့်ဝသောဆေးဝါးများကို အသုံးပြုမိခြင်းနှင့် ငှက်ဖျားရောဂါကိုဖြစ်စေသောခြင်များ အလေ့အထပြောင်းလဲလာခြင်းတို့က ကမ္ဘာလုံးဆိုင်ရာငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ထို့ကြောင့် မိမိကစ ငှက်ဖျားရောဂါမဖြစ်စေရေးအတွက် နေ့စဉ်သွားလာနေထိုင်ရာတွင် သတိရှိကြစေလိုကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးဝန်ကြီးဌာန၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်များအတိုင်း လိုက်နာသင့်ကြောင်းနှင့် ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါကင်းစင်စေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

နေပြည်တော် မေ ၂

# ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများ အရည်အသွေးမြှင့်တင်ဆောင်ရွက်လျက်ရှိ



စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မေလ ၁ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာရှိ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲအနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာဓာတ်ခွဲခန်းများဌာနစိတ်၏လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နိုင်ငံတကာတရားဝင်အသိအမှတ်ပြု ISO/IEC 17025 လက်မှတ်ကို ရရှိခဲ့မှုအဆင့်ဆင့်နှင့် အဆိုပါအသိအမှတ်ပြုလက်မှတ်ရေရှည်တည်တံ့စေရေးအတွက် ဆက်လက်ဆောင်ရွက်နေမှု၊ တစ်နှစ်တစ်ကြိမ် လုပ်ငန်းခွင်ပုံမှန်စစ်ဆေးခံယူခြင်းအတွက် လာမည့်အောက်တိုဘာလတွင် စစ်ဆေးခံရန် ဆောင်ရွက်နေမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း တက်ရောက်ခဲ့သော ပြည်တွင်းပြည်ပသင်တန်းတက်ရောက်ခဲ့မှုများ၊ ရန်ကုန်မြို့တွင်းရှိ ငါးပုစွန်ပြုပြင်ထုတ်လုပ်သော အအေးခန်းစက်ရုံများအား လစဉ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ မြန်မာနိုင်ငံတွင် ငါးပုစွန်မွေးမြူထုတ်လုပ်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မွေးမြူလာကြသဖြင့် ရောဂါဖြစ်ပွားမှုများကြောင့် စီးပွားရေးအရ ထိခိုက်မှုများမဖြစ်စေရန် မွေးမြူရေးလုပ်ငန်းရှင်များအား နည်းပညာနှင့် အသိပညာများပိုမိုရရှိစေရေးအတွက် ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဓာတ်ခွဲခန်းစစ်ဆေးရေးလုပ်ငန်းများမှ ရလဒ်များတိကျမှန်ကန်မှုရှိစေရေး ကြိုးပမ်းကြစေလိုကြောင်း၊ ဓာတ်ခွဲခန်းဝန်ထမ်းများအနေဖြင့် ရေသတ္တဝါများ၏ ရောဂါရှာဖွေစစ်ဆေးခြင်းဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ပိုမိုမြင့်မားစွာဆောင်ရွက်နိုင်ကြစေရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများ ပိုမိုရရှိရန်လိုကြောင်း၊ နိုင်ငံတကာနှင့် အာဆီယံက ချမှတ်ထားသောရေသတ္တဝါများ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မွေးမြူရေးကန်များအား ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုစနစ် ဇီဝလုံခြုံမှုစနစ်တို့ဖြင့် မွေးမြူထုတ်လုပ်ရန်လိုအပ်ကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် ပြုစုစောင့်ရှောက်ထားရှိသည့် မိကျောင်းဥနှင့် သားပေါက်အဆင့်မှအရွယ်ရောက်မိကျောင်းများအထိ အဆင့်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြေသားကန်၊ ကွန်ကရစ်ကန်များဖြင့် မိကျောင်းမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ငါးလုပ်ငန်းဦးစီးဌာန ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစု၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မေလ ၂ ရက်တွင် အင်းစိန်မြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု (ပေါင်းငူ) အား ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက နို့စားနွား၊ အသားတိုးနွားနှင့် ခိုင်းနွားမျိုးများ၏ မျိုးရည်ခဲချောင်းထုတ်လုပ်မှု၊ တိရစ္ဆာန်ကူးစက်ရောဂါများကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ DNA ဓာတ်ခွဲခန်းတွင် ဆောင်ရွက်မည့် တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးနှင့် မျိုးဗီဇအရင်းအမြစ်များ (Genetic Resources) ကို ဖော်ထုတ်ထိန်းသိမ်းကာကွယ်ရေး သုတေသန၊ AI Center တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဓာတ်ခွဲခန်းများနှင့် မွေးမြူရေးခြံများကိုကြည့်ရှုစစ်ဆေး၍ ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် မြို့နယ်ပျားစခန်းများမှ မျိုးကောင်းမျိုးသန့် ပျားဘုရင်မ ဖြန့်ဖြူးရောင်းချပေးနိုင်မှု၊ ဌာနနှင့်ပုဂ္ဂလိကပျားအုံစာရင်းနှင့်ပျားရည်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၌ ပျားစာပင်အမျိုးအစားအလိုက် ပျားရည်ထွက်ရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ ပျားရည်တင်ပို့နိုင်မှုတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှုလုပ်ငန်းများ တိုးပွားလာရေးနှင့် နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးသည်။ ထို့နောက် ပြည်ပတင်ပို့ရန်ဆောင်ရွက်နေသော ပျားရည်သန့်စင်စက်ရုံအားကြည့်ရှုစစ်ဆေး၍ အရည်အသွေးမီဆောင်ရွက်ရန် ကိစ္စရပ်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

---

❑ **ကျောဖုံးမှအဆက်**

၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ်တွင် စောလောအယ်ထူးက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိပြီး ပွဲချိန် ၃၈ မိနစ်တွင် ဂွန်လမ်ကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်၊ ၆၉ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဇော်မွန်းအောင်ကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ Glory Goal အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် သူရိန်ထွန်း၊ ပွဲချိန် ၁၅ မိနစ်တွင် အောင်နိုင်ဝင်း၊ ပွဲချိန် ၅၃ မိနစ်တွင် ရဲရင့်အောင်နှင့် ပွဲချိန် ၇၅ မိနစ်တွင် သက်ဝေမိုးတို့က အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C)ပွဲစဉ်များအဖြစ် မေလ ၃ ရက် **(ယနေ့)**ညနေ ၃ နာရီ ၄၅ မိနစ်တွင် သုဝဏ္ဏအားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်း၊ ညနေ ၄ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ အုပ်စု(D)ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် YUSCအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

**စည်သူအောင်**

---

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# အိမ်နောက်ဖေးဈေးဆိုင်တည် စိုက်ကြပျိုးကြမယ်

နွေကုံကျော်(မြို့လှ)

ယနေ့နံနက် ဆွေးနွေးပွဲရှိသဖြင့် စက်ရုံစုပေါင်းခန်းမသို့ နံနက် ၇ နာရီခွဲတွင် ကျွန်တော်ရောက်သည်။ အခမ်းအနားအချိန်လိုသေးသဖြင့် ခန်းမဘေးရေကန်နား လေညင်းခံနေစဉ် အသီးများလှိုင်နေသည့် ရင်ကွဲသရက်ပင်တွေဆီ အကြည့်များရောက်သွားမိသည်။ တစ်ဆက်တည်းဆိုသလို ကျွန်တော့်အတွေးထဲမှာ **“ငါတို့စက်ရုံဧရိယာလေးက ရာသီမပြတ်စားဖွယ်သီးနှံတွေပေးနေတာပါလား”** ဟုတွေးလိုက်မိသည်။ သရက်တွေမလာခင် ဒီရွှေ့မှာ ဆီးသီးတွေလှိုင်လှိုင်သီးသည်။ ဈေးကလည်း တစ်တင်း ၉၀၀၀၊ ၁၀၀၀၀ ပေါက်ခဲ့သည်။ အသီးသာမက အစေ့ပါ ဝယ်လက်လိုက်သဖြင့် မိသားစုတွေ အပိုဝင်ငွေရရှိခဲ့ကြသည်။ ဆီးပင်ရော သရက်ပင်ပါ အထူးတလည် ပြုစုနေစရာမလို။ မြန်မာပြည်တစ်ဝန်းပေါက်ရောက်၏။ တခြားသောနိုင်ငံများတွင် တွေ့ရခဲသော သဘာဝပေး အဖိုးတန်လက်ဆောင်များဟုပင်ဆိုနိုင်သည်။

အခုလို နွေဦးဆိုလျှင် ပထမဆီးသီးလာသည်။ ပြီးလျှင် သရက်လာသည်။ မိသားစုတွေ အချဉ်အစပ်လေးများဖြင့်ခံတွင်းမြိန်စေသလို ရောင်းချ၍ပင်ရသေးသည်။ မိုးကျလာပြန်တော့ မှိုလေး၊ မျှစ်လေးပေါ်လာရုံမက စက်ရုံဘေးမှာ စီးနေသည့်ချောင်းမှ ဖားလေး၊ ငါးလေးကလည်း မိသားစုတွေအတွက် အသားဓာတ်ကိုရရှိစေပြန်သည်။ ဆောင်းရောက်ပြန်တော့ မန်ကျည်းလေးတွေ အသက်ဝင်လာသည်။ ရွက်နုလေးများ၊ သီးကင်းလေးများသည် ရာသီစာလေးများပင်ဖြစ်ပေ၏။ နွေရောက်သည့်အခါ မန်ကျည်းတို့ရင့်မှည့်ကြသည်။ ခူးကြဆွတ်ကြပြီး ရောင်းချကြပြန်သည်။ နွေရာသီရောက်တိုင်း ထန်းလျက်ရည်အေးအေးမန်ကျည်းဖျော်ရည်သည် ရင်ကိုအေးမြစေရုံမက ဝမ်းကိုပါကောင်းစေပြန်၏။ ဆိုရလျှင် ကျွန်တော်တို့စက်ရုံဧရိယာလေးသည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီမပြတ်စားရေရိက္ခာဖူလုံစေခြင်းကို အခမဲ့ ဖန်တီးပေးထားသည်ဟူသော အချက်ပင်ဖြစ်၏။ ထိုသို့သော စက်ရုံမြေဧရိယာ၏ အခွင့်အရေးကောင်းများကို ထိရောက်စွာအသုံးချနေသူတစ်ဦးကို ကျွန်တော်သတိထားမိသည်မှာ သုံးနှစ်ခန့်ရှိပါပြီ။

စက်ရုံလုံခြုံရေးတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းလေးတစ်ဦးသည် နယ်မှသူ၏မိဘများအား ဝန်ထမ်းအိမ်ရာသို့ခေါ်ထား၏။ အသက် ၆၀ အရွယ်မိခင်ကြီးသည် ကျန်းမာရေး အပြည့်အဝမကောင်းသည့်တိုင်အောင် နွေ၊ မိုး၊ ဆောင်း ရာသီတိုင်း ဆီးသီးဆိုပါကနေပူမရှောင်ကောက်သည်။ စုဆောင်းသည်။ သရက်သီးဆိုလည်း ဆားရေစိမ်သည်။ အချဉ်သိပ်သည်။ မိုးလေးတစ်ပြိုက် နှစ်ပြိုက်ကျပြီးသော် မှိုရှာထွက်တော့သည်။ အတွေ့အကြုံအရ မှိုကျင်းများကိုပင်မှတ်သားထားပြီး အလွယ်တကူရှာဖွေနိုင်သူဖြစ်၏။ ဝါးပေါသောနယ်မြေမို့ မျှစ်ဆိုပါကလည်း ချိုးလိုက်ပြန်သေးသည်။ မန်ကျည်းချိန်ဆိုလည်း ကြွေကျသည့်အတောင့်လေးများကိုစုဆောင်းပြီး လိုချင်သူများကိုပြန်ရောင်းပေး၏။ အချို့မိသားစုဝင်များမှာ မျှစ်ဆိုလည်း လှံ့လစိုက်၍မချိုးချင်။ ရံဖန်ရံခါမှသာ ရှာကြဖွေကြသည်။ ရာသီခွင်များကို တစိုက်မတ်မတ်အသုံးချပြီး အလုပ်နှင့်လက်မပျက်ဘဲ သမာအာဇီဝကျကျဝမ်းရေးဖြည့်တင်းသည်က အဆိုပါ အဒေါ်ကြီးဖြစ်၏။

ကျွန်တော်ကိုယ်တိုင် စိုက်ပျိုးရေးကို ဝါသနာပါသူဖြစ်သည်။ မွေးမြူရေးကျတော့ အလုပ်တာဝန်တစ်ဖက်နှင့်မို့ အချိန်မပေးနိုင်။ လက်ရှိနေထိုင်သည့်အိမ်သို့ရောက်ရောက်ချင်း ရရှိသည့်မြေနှင့် စိုက်ရသမျှ အကုန်စိုက်ခဲ့သည်။ အပင်ပေါက်တစ်ပင် ၁၅၀၀ ဖြင့်ဝယ်စိုက်ခဲ့သော သဘော်ပင်လေးမှာ တစ်နှစ်ပြည့်ပြီးနောက် အလုံး ၂၀ မျှ မှည့်ခဲ့ပြီဖြစ်သည်။ မှည့်လာသည့် အသီးများကို အိမ်နီးချင်းများနှင့် ခင်မင်သူများကို အလှည့်ကျဝေငှနိုင်ခဲ့သည်။ ထိုသို့ အသီးကောင်း အပင်တစ်ပင်ဖြစ်လာဖို့တော့ ကျွန်တော် ရေပုံမှန်လောင်းပေးခဲ့ရသည်။ မြေဩဇာအထိုက်အလျောက်ဖြည့်ပေးခဲ့ရသည်။ အသီးလေးများ သီးလာချိန်တွင် ပီတိဖြစ်ခဲ့ရသလို မှည့်ရောင်ဝင်းချိန်မှာလည်း ကြည်နူးရပြန်သည်။ ဆူးပုပ်၊ ဒန့်သလွန်၊ ခရမ်း၊ ပဲတိုင်ထောင်၊ ငရုတ်တို့ကိုလည်း ခြံထွက်အဖြစ်စားခဲ့ရပါ၏။ ထိုမျှမက စံပယ်၊ နှင်းဆီ၊ ကံ့ကော်၊ ပိတောက်၊ ရွက်လှ စသည့် အလှဆင်ပန်းတို့သည်လည်း ကျွန်တော့်အိမ်ရှေ့တွင် ရှိနေသည်။ မည်သူစိုက်ခဲ့သည်မသိသော စိန်တစ်လုံးသရက်ပင်သည်လည်း အရွယ်ရောက်၍ စားသုံးနေရပါပြီ။ အပူလှိုင်းဖြတ်နေသည့် ဧပြီလ ညနေတစ်ခုတွင် **“ဆရာက အပင်လေးတွေကိုချစ်တော့ အပင်လေးတွေက ပူလွန်းတာတောင် စိမ်းနေကြတယ်နော်”** ဟု အိမ်နီးနားချင်းမိတ်ဆွေ၏ ဖခင်ဖြစ်သူက ဆိုလာသည်။ မိုးရွာချိန်မှလွဲ၍ ရှားပါးသောရေကို ညနေတိုင်း အကျိုးရှိရှိ အသုံးချခဲ့ခြင်းကြောင့် ကျွန်တော့်အပင်လေးတွေအသက်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်ကိုတော့ ကာယကံရှင်ဥယျာဉ်မှူးသာ အသိဆုံးပင်။ တကယ်တော့ ကျွန်တော်တို့ဝန်ထမ်းလိုင်းသည် ကျောက်စရစ်မြေများကြားဆောက်လုပ်ထားခြင်းဖြစ်၏။ လိုင်းခန်းအသစ်ဖြစ်၍လည်း ဘိလပ်မြေများ၊ ကျောက်များက အိမ်ဝင်းပတ်လည်များစွာကျန်ရစ်၏။ ထိုမြေများကို ရနိုင်သမျှပြုပြင်ပြီး ကျွန်တော်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ကျောက်မြေများကြား တတ်နိုင်သမျှ ပြုပြင်ထားသည်မို့ အပင်လေးတွေမှာ အားရပါးရ မတိုးထွက်နိုင်ရှာ။ ရေပုံမှန်၊ မြေဩဇာတတ်နိုင်သမျှ ပေါင်းစည်းပေးနိုင်၍သာ သူတို့ရှင်သန်ဖြစ်ထွန်းခွင့်ရခြင်းဖြစ်သည်။ ရေလောင်းရာတွင်လည်း ရေချွေတာသည့်နည်းဖြင့် အပင်လေးများပေါ် ရေချိုးသည့်နည်းကို ကျင့်သုံးခဲ့သည်။ အကျိုးဆက်အားဖြင့် ကျွန်တော့်အိမ်ရှေ့လေးသည် တခြားခြံဝင်းနေရာများထက် သိသိသာသာ စိမ်းစိုမှုပေးနေသည်။



တချို့က စားရသည်နှင့် စိုက်ရသည်မှာ မကာမိဟုဆိုကြသည်။ ရေပုံမှန်မလောင်းသဖြင့် အပင်လေးများက အပူလှိုင်းနှင့်အတူ ပါသွားကြသည်။ မှန်ပါသည်။ ထိုပြဿနာက တစ်ပိုင်းဖြစ်သည်။ မြေညံ့ပင်ဖြစ်လင့်ကစား ကိုယ်တတ်နိုင်သမျှလုံ့လစိုက်လျှင် လိုအပ်သလောက် မသီးမပွင့်သည့်တိုင်အောင် စိတ်ချမ်းမြေ့ခြင်းကိုတော့ ရရှိစေမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ကျွန်တော်က တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူဖြစ်သည်။ ထိုတစ်နိုင်တစ်ပိုင်လေးမှာပဲ ကိုယ့်အပင်လေးများ အပူဒဏ်သက်သာစေရန်၊ အခြားပိုးမွှားများ မကျရောက်ရန် သူ့အိုး သူ့ဆန်တန်အောင် ကျွန်တော်တွေးရသည်။ ပြင်ဆင်ရသည်။ ထို့အတွက်ကြောင့်ပဲ ရှင်သန်ခွင့်အားနည်းသည့် အပင်လေးတွေက ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတို့ကိုလွန်မြောက်ကာ မကြာမီ မိုးနှင့်တွေ့ကြတော့မည်။ ထိုအချိန်ဆို ကျွန်တော်စိတ်အေးရလေပြီ။ စီးပွားဖြစ်စိုက်ပျိုးမည့်သူများကတော့ ကျားကြီးခြေရာကြီးရပေမည်။ တကယ်စိုက်ပျိုးကြသူများက ပိုမိုသိရှိနားလည်ကြသည်။ ကျွန်တော်ကတော့ အခြားသဲကန္တာရနိုင်ငံများ၊ ရေဝယ်သုံးရသောနိုင်ငံများ၊ မိုးခေါင်ရေရှား ရာသီဥတုဖောက်ပြန်လေ့ရှိသောနိုင်ငံများနှင့် လုံးဝမတူညီဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီလုံး စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိနေသည့် မြန်မာနိုင်ငံ၏ အားသာချက်ကို ကိုယ့်နိုင်ငံသားများ ထိထိမိမိ အသုံးချစေလိုခြင်းသာဖြစ်သည်။

ထိုသို့ ရာသီဥတုမျှတကောင်းမွန်သည်သာမက ဒေသအလိုက်ပေါက်ရောက်နေကြသည့် ရာသီသီးနှံများကလည်း တစ်ဖက်တစ်လမ်းကနေ စားရေရိက္ခာကို ဖူလုံစေမှုအတွက် ဖြည့်ဆည်းပေးလျက်ရှိ၏။ မိတ်ဆွေတစ်ဦးပြောပြချက်အရ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် စောင်းလျားသီးသည် အဖိုးတန်ဟိုတယ်စာဖြစ်ကြောင်း မှတ်သားခဲ့ရသည်။ ရုရှားနိုင်ငံတွင် မြန်မာကျောင်းသားများအတွက် ချဉ်ပေါင်ရွက်နှင့် ကန်စွန်းရွက်သည် အဖိုးတန်အစားအစာဖြစ်ကြောင်းကိုလည်း သူငယ်ချင်းတစ်ဦးပြောပြ၍ သိရသည်။ သရက်သီးနှင့်သဘော်သီးတို့မှာလည်း ထိုအတိုင်းဖြစ်ကြ၏။ နိုင်ငံခြားသားတစ်ဦး ကျွန်တော်တို့စက်ရုံသို့ရောက်ရှိလာစဉ် စိမ်းလန်းစိုပြည်နေသည့် မြန်မာနိုင်ငံ၏ရှုခင်းများကိုကြည့်လျက် နှစ်သက်သဘောကျကြောင်း ပြောသွားခဲ့ဖူးသည်။ ယနေ့ဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဆီထွက်သီးနှံများ ပိုမိုဖြစ်ထွန်းအောင်မြင်ရေးအပြင် အခြားသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိနေသည်ကို သတင်းများတွင် ဝေဝေဆာဆာတွေ့မြင်နေရသည်။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသည့်အတိုင်း လုပ်ကိုင်ချင်စိတ်သာ အဓိကဖြစ်၏။ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးအခြေခံမှသည် စီးပွားဖြစ်အထိ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားကိုမြှင့်တင်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ ချက်ချင်းရေတွင်းတူး၍ ချက်ချင်းရေကြည်မရနိုင်သည်ကိုတော့ နားလည်လက်ခံကြဖို့လိုသည်။

ယနေ့အချိန်တွင် တောင်သူဦးကြီးများစိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးလျက်ရှိသည်။ လိုအပ်သော ပံ့ပိုးမှုများကိုလည်း ပေးနေပါသည်။ **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”** ဟူသည့်အချက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉) ရပ်တွင် ပြဋ္ဌာန်းထားသည်။ နိုင်ငံသားတစ်ဦးချင်းစီတိုင်း စိုက်ပျိုးမွေးမြူရေး၏ အကျိုးရလဒ်များကို ကျယ်ပြန့်စွာသိရှိနားလည်ကြဖို့လိုပေသည်။ သဘာဝတရားကြီးက မြန်မာနိုင်ငံအတွက် အဖိုးတန်ပထဝီမြေမျက်နှာသွင်ပြင်အနေအထားကို ဖန်တီးပေးထားခဲ့သည်။ ထိုမြေတွင် မှီတင်းနေထိုင်ကြသူတို့သည် စားရေရိက္ခာ၏ အရေးပါမှု၊ သစ်တော သစ်ပင်တို့မှတစ်ဆင့် လူသားတို့၏ အာဟာရစွမ်းအင်ဖြည့်ဆည်းပေးနိုင်မှုတို့ကို သိရှိနားလည်ပြီး တစ်နိုင်တစ်ပိုင်အားဖြင့် တာဝန်ကျေပွန်သင့်ပေသည်။ တစ်နိုင်တစ်ပိုင်များကို စုစည်းမှုအားဖြင့်ပင် ကြီးမားသောကုန်ထုတ်စွမ်းအားဆီကူးပြောင်းနိုင်မည်ဖြစ်သည်။ **“ဥစ္စာဖြို စားဖိုက”** မဖြစ်ရလေအောင် **“အိမ်နောက်ဖေးဈေးဆိုင်တည်”** ခြင်းဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းမှသည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို တစ်ဖက်တစ်လမ်းမှ ပါဝင်နေခြင်းပင်ဖြစ်သည်ဟူသော ခံစားမိသမျှ အတွေးတစ်စအား ဝေမျှလိုက်ရပါသည်။ ။

**သဘာဝတရားကြီးက မြန်မာနိုင်ငံအတွက် အဖိုးတန်ပထဝီမြေမျက်နှာသွင်ပြင်အနေအထားကို ဖန်တီးပေးထားခဲ့သည်။ ထိုမြေတွင် မှီတင်းနေထိုင်ကြသူတို့သည် စားရေရိက္ခာ၏ အရေးပါမှု၊ သစ်တော သစ်ပင်တို့မှ တစ်ဆင့် လူသားတို့၏ အာဟာရစွမ်းအင်ဖြည့်ဆည်းပေးနိုင်မှုတို့ကို သိရှိနားလည်ပြီး တစ်နိုင်တစ်ပိုင်အားဖြင့် တာဝန်ကျေပွန်သင့်ပေသည်။ တစ်နိုင်တစ်ပိုင်များကို စုစည်းမှုအားဖြင့်ပင် ကြီးမားသောကုန်ထုတ်စွမ်းအားဆီကူးပြောင်းနိုင်မည်ဖြစ် . . .**

နေပြည်တော်  မေ  ၂

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (၁၄)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၁၄)ကြိမ်မြောက် အစည်းအဝေးကို ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ဧပြီလ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်နှင့် အရာထမ်းတစ်ဦးတို့လည်း လိုက်ပါတက်ရောက်ကြသည်။

(၁၄)ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက်မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာအမြဲတမ်း ဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီးက အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းစေရေးတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအမြစ်များစုစည်းအသုံးချရေးအကြားကွာဟချက်မရှိစေရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသာမက သက်ဆိုင်ရာအမျိုးသားအာဆီယံဌာနများ ခိုင်မာအားကောင်းရန်လည်း လိုအပ်ပါကြောင်းနှင့် သက်ဆိုင်ရာမဟာဗျူဟာစီမံကိန်းများရေးဆွဲရာတွင် အထက်မှအောက်သို့လမ်းညွှန်ခြင်း (Top-Down Guidance)အပြင် အောက်မှအထက်သို့တင်ပြသည့် လုပ်ငန်းစဉ်(Bottom-Up Initiatives)ကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်းဆွေးနွေးခဲ့ပြီး မဏ္ဍိုင်(၃)ရပ်လုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာကော်မတီတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ယင်းလုပ်ငန်းစဉ်များကို သင့်လျော်သည့်ကဏ္ဍတွင် ထည့်သွင်းရေးအကြံပြုဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းတွင် တိုးတက်မှုများကိုမှတ်သားခဲ့ကြပြီး အကြံပြုချက်နှင့်အညီ အကောင်အထည်ဖော်ရန်ကျန်ရှိသည့် အဆိုပြုလုပ်ငန်းစဉ်များကို စာရင်းပြုစုတင်ပြရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား တာဝန်ပေးအပ်ခဲ့သည်။

ထို့ပြင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်၏ ဇယားပုံစံကို စကားပြေပုံစံပြောင်းလဲပြင်ဆင်ရန် တာဝန်ပေးအပ်ခဲ့ပြီး အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အာဆီယံအဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ ထည့်သွင်းဖော်ပြမည့်ကဏ္ဍကို သင့်လျော်သည့်အချိန်မှစဉ်းစားဆုံးဖြတ်ရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးကာလအတွင်း အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများ၊ အာဆီယံပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေးပြုလုပ်ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး မဟာဗျူဟာစီမံချက်များရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာလုပ်ငန်းစဉ်များအား ထည့်သွင်းဖော်ပြမည့်ကဏ္ဍ သတ်မှတ်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်ဆိုင်ရာ ဟန်ချက်ညီကြေညာချက်နှင့်လမ်းပြမြေပုံနှင့်အညီ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃)ရပ်တို့အကြား နီးကပ်စွာညှိနှိုင်းဆွေးနွေးခြင်းဖြင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ရေးဆွဲရန်အတွက် ၂၀၂၂ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန်  မေ  ၂

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ တာဝန်ရှိသူများနှင့်တွေ့ဆုံ



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ OSSC မှ တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်လေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးနွေးထွေးစွာ လက်ခံတွေ့ဆုံပြီး ရုရှား-မြန်မာသည် အစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးသောနိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာများကိုလည်း ရှင်းလင်းပြသဖိတ်ခေါ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံစီးပွားရေးအခွင့်အလမ်းဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံစီးပွားရေးကိုယ်စားလှယ်အဖွဲ့မှ Mr.Marat Amirovich က နှစ်နိုင်ငံ G to G ပူးပေါင်းဆောင်ရွက်မှုများရှိပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ချစ်ကြည်ရင်းနှီးစွာ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အား သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှုတို့တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစွာဖော်ဆောင်ထားရှိမှုတို့ကို အသေးစိတ်ရှင်းလင်းပြသကာ ကိုယ်စားလှယ်အဖွဲ့အား အထူးစီးပွားရေးဇုန်အတွင်း လှည့်လည်ပြသသည်။

သီလဝါအထူးစီးပွားရေးစက်မှုဇုန်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၂၄ သန်း ရင်းနှီးမြှုပ်နှံထားကာ မြန်မာနိုင်ငံတွင် အောင်မြင်လျက်ရှိသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သည်။ ပြည်ပသို့ ပို့ကုန်များတိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပမှ သွင်းကုန်အစားထိုးလုပ်ငန်းများကို ဆောင်ရွက်ပြီး နိုင်ငံအတွက်လိုအပ်သော ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လူစီးမော်တော်ယာဉ်များ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာများအပါအဝင် ကုန်ချောပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရေးကို နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ စနစ်တကျဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် အောင်မြင်နေသော အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - ကနူး - ညီမိုးသူ(သတင်းစဉ်)**

ရန်ကုန် မေ ၂

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင် လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များ ဖူးမြော်ကြည်ညို



ရွှေတိဂုံစေတီတော်မြတ်ကြီးအား တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင် လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များက ယနေ့နံနက်ပိုင်းတွင် ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင်လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓဝင်ပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် ဒဂုံမြို့နယ် ရန်ကုန်-ပြည်လမ်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ အမျိုးသားပြတိုက်သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်များ၊ ပြတိုက်တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြပြီး ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များသည် အမျိုးသားပြတိုက်အတွင်းရှိ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်နှင့် စတုတ္ထထပ်အတွင်း ပြသထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များက မော်တော်ယာဉ်များဖြင့်ပြန်လည်ထွက်ခွာရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

ပုသိမ် မေ ၂

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်းလူရည်ချွန်စခန်း(ချောင်းသာ)စခန်းတို့မှ လူရည်ချွန်မောင်မယ်များအား ပို့ဆောင်နှုတ်ဆက်

ဧကာဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်း လူရည်ချွန်စခန်း(ချောင်းသာ)တို့မှ မိမိတို့ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် လူရည်ချွန်မောင်မယ်များအား ယမန်နေ့ နေ့လယ်ပိုင်းက ပုသိမ်မြို့ ပညာရေးဒီဂရီကောလိပ်ရှေ့၌ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ပြည်သူများက သွားရောက်နှုတ်ဆက်ခဲ့ကြသည်။



ထို့နောက် လူရည်ချွန်မောင်မယ်များသည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co.,Ltd. သို့ သွားရောက်လေ့လာရာ လူရည်ချွန်မောင်မယ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြသည်။ ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြရာ ခေတ်မီ ငါးသားဖောက်စခန်း၊ အသားတိုးငါးမွေးမြူရေးစခန်း၊ Circular Tank စနစ်ဖြင့် ငါးစမ်းသပ်မွေးမြူနေခြင်းနှင့် စပါးခွံလောင်စာသုံး gasifier နှင့် gas engine စနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်တပ်ဆင်နေခြင်းတို့အား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧရာဝတီတိုင်းဒေသကြီး ဧကာဒသမတန်းနှင့် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ်ဆရာ၊ ဆရာမများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ထွက်ခွာသွားသည့် လူရည်ချွန်မောင်မယ်များကို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

မော်လမြိုင်ကျွန်း မေ ၂

# မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်ကိုယ်စားပြု လူရည်ချွန်မောင်မယ်များအား ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်ကိုယ်စားပြု လူရည်ချွန်မောင်မယ်များအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင်(၁)ဗိုလ်မှူးမင်းလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်ကိုယ်စားပြု လူရည်ချွန်မောင်မယ်များ ထူးချွန်ခဲ့ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသကဲ့သို့ အနာဂတ်နိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သောလူကောင်းလူတော်လေးများဖြစ်လာကြမှာမလွဲဧကန်ဖြစ်ကြောင်း နိုင်ငံတော်၏အကျိုးကို သယ်ပိုးထမ်းဆောင်ကြရမည့်သားကောင်းရတနာလေးများဖြစ်ကြသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ဆက်လက်ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ယခုလိုထူးချွန်ထက်မြက်သည့် လူရည်ချွန်မောင်မယ်များဖြစ်လာအောင် သင်ကြားပေးခဲ့သောဆရာ၊ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်းပြောကြားခဲ့ပြီး လူရည်ချွန်မောင်မယ်များအား ပန်းကုံး၊ ပန်းစည်းများဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**



နေပြည်တော်  မေ  ၂

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၈ ဦး၊ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးနှင့် သင်္ချာဘာသာရပ်လာရောက်ဖြေဆိုသူ ၂၇၇ ဦးရှိ

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေလျက်ရှိသည်။

အဆိုပါ ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဧပြီလ ၂၉ ရက်မှ မေလ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းရှိ စာစစ်ဌာန ၁၂ ခု၌ကျင်းပလျက်ရှိရာ ဧပြီလ ၂၉ ရက်တွင် မြန်မာစာဘာသာရပ်ကိုလည်းကောင်း၊ ဧပြီလ ၃၀ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မေလ ၂ ရက်တွင် သင်္ချာဘာသာရပ်ကိုလည်းကောင်း အောင်မြင်ချောမွေ့စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၅၃၅ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၇၈ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၉၆ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၅၃၅ ဦးရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၂၇၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းနှင့် သင်္ချာဘာသာရပ်၌ ဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၅၃၅ ဦးရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၂၇၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## အခြေခံပညာဦးစီးဌာန

ပူးတွဲ

### ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့်ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-မြန်မာစာ

ရက်စွဲ၊ ၂၉ - ၄ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၈ | ၃၁ | ၄၉ | ၁၀ | ၂၄ | ၃၄ | ၈ | ၇ | ၁၅ | ၆၉.၃၉% | ၃၀.၆၁% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၇ | ၁၃ | ၃ | ၂ | ၅ | ၃ | ၅ | ၈ | ၃၈.၄၆% | ၆၁.၅၄% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၂၇ | ၃၇ | ၆၄ | ၁၇ | ၂၅ | ၄၂ | ၁၀ | ၁၂ | ၂၂ | ၆၅.၆၃% | ၃၄.၃၈% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၂၈ | ၂၀၄ | ၃၃၂ | ၄၆ | ၈၃ | ၁၂၉ | ၈၂ | ၁၂၁ | ၂၀၃ | ၃၈.၈၆% | ၆၁.၁၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၅ | ၈ | ၃ | ၅ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၆ | ၃၅ | ၅၁ | ၁၃ | ၃၃ | ၄၆ | ၃ | ၂ | ၅ | ၉၀.၂၀% | ၉.၈၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| စုစုပေါင်း | | ၁၂ | ၁၂ | ၁၂ | ၂၀၄ | ၃၃၁ | ၅၃၅ | ၉၄ | ၁၈၄ | ၂၇၈ | ၁၁၀ | ၁၄၇ | ၂၅၇ | ၅၁.၉၆% | ၄၈.၀၄% | |

## အခြေခံပညာဦးစီးဌာန

ပူးတွဲ

### ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့်ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-အင်္ဂလိပ်စာ

ရက်စွဲ၊ ၃၀ - ၄ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၈ | ၃၁ | ၄၉ | ၁၀ | ၂၄ | ၃၄ | ၈ | ၇ | ၁၅ | ၆၉.၃၉% | ၃၀.၆၁% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၇ | ၁၃ | ၃ | ၂ | ၅ | ၃ | ၅ | ၈ | ၃၈.၄၆% | ၆၁.၅၄% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |

စာမျက်နှာ ၁၄ သို့ ▶▶

▶▶ စာမျက်နှာ ၁၃ မှအဆက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၂၇ | ၃၇ | ၆၄ | ၁၇ | ၂၄ | ၄၁ | ၁၀ | ၁၃ | ၂၃ | ၆၄.၀၆% | ၃၅.၉၄% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၂၈ | ၂၀၄ | ၃၃၂ | ၄၆ | ၈၃ | ၁၂၉ | ၈၂ | ၁၂၁ | ၂၀၃ | ၃၈.၈၆% | ၆၁.၁၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၅ | ၈ | ၃ | ၅ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၆ | ၃၅ | ၅၁ | ၁၃ | ၃၃ | ၄၆ | ၃ | ၂ | ၅ | ၉၀.၂၀% | ၉.၈၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၂၀၄ | ၃၃၁ | ၅၃၅ | ၉၄ | ၁၈၃ | ၂၇၇ | ၁၁၀ | ၁၄၈ | ၂၅၈ | ၅၁.၇၈% | ၄၈.၂၂% | |

## အခြေခံပညာဦးစီးဌာန

ပူးတွဲ

## ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့်ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-သင်္ချာ

ရက်စွဲ၊ ၂-၅-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၈ | ၃၁ | ၄၉ | ၁၀ | ၂၄ | ၃၄ | ၈ | ၇ | ၁၅ | ၆၉.၃၉% | ၃၀.၆၁% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၇ | ၁၃ | ၃ | ၂ | ၅ | ၃ | ၅ | ၈ | ၃၈.၄၆% | ၆၁.၅၄% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၂၇ | ၃၇ | ၆၄ | ၁၇ | ၂၄ | ၄၁ | ၁၀ | ၁၃ | ၂၃ | ၆၄.၀၆% | ၃၅.၉၄% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၂၈ | ၂၀၄ | ၃၃၂ | ၄၆ | ၈၃ | ၁၂၉ | ၈၂ | ၁၂၁ | ၂၀၃ | ၃၈.၈၆% | ၆၁.၁၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၅ | ၈ | ၃ | ၅ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၆ | ၃၅ | ၅၁ | ၁၃ | ၃၃ | ၄၆ | ၃ | ၂ | ၅ | ၉၀.၂၀% | ၉.၈၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၂၀၄ | ၃၃၁ | ၅၃၅ | ၉၄ | ၁၈၃ | ၂၇၇ | ၁၁၀ | ၁၄၈ | ၂၅၈ | ၅၁.၇၈% | ၄၈.၂၂% | |

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၅ | ၂၉၀၀ | ၂၈၈၅ | ၂၈၄၀ | ၂၉၀၀ | ၂၉၁၅ | ၂၉၂၀ | ၂၈၈၀ | ၃၀၂၀ | ၃၀၄၅ | ၂၈၉၀ | ၂၉၀၅ | ၂၉၃၅ | ၂၉၃၀ | ၂၉၄၀ | ၃၃၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၄၅ | ၃၀၁၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၁၀ | ၃၀၂၅ | ၃၀၃၀ | ၂၉၉၀ | ၃၁၃၀ | ၃၁၅၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၀ | ၃၀၅၀ | ၃၄၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၁၀ | ၂၄၆၅ | ၂၄၈၅ | ၂၄၉၀ | ၂၄၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၅ | ၂၄၉၅ | ၂၅၀၅ | ၂၉၃၀ | ၃၇၂၁ |
| HSD (50 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၅၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၃၅ | ၂၄၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၉၈၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၇ | ၂၇၈၅ |
| 95 Ron | ၂၈၀၄ | ၂၈၉၄ |
| HSD (500 ppm) | ၂၂၇၇ | ၂၃၅၃ |
| HSD (50 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (10 ppm) | ၂၃၂၄ | ၂၄၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**

**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော်  မေ  ၂

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံကြားရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များ၊ သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်  မေ  ၂

# "Painted Jezebel" လိပ်ပြာပုံ(၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေမည်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Painted Jezebel"** လိပ်ပြာပုံ(၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁)မျိုးအား **၂၀၂၄ ခုနှစ် မေလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ် မေလ ၅ ရက်(တနင်္ဂနွေနေ့)တွင်** ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၇˚ C / | ၃၉.၀˚ C |
| ရန်ကုန် | ၂၅˚ C / | ၃၈.၆˚ C |
| မန္တလေး | ၂၉˚ C / | ၃၈.၃˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော်  မေ  ၂

# လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား နွေးထွေးပျူငှာစွာကြိုဆို



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို လေ့လာရေးခရီးစဉ်မှပြန်လည်ရောက်ရှိလာသော လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား နွေးထွေးပျူငှာစွာ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း လေ့လာရေးခရီးစဉ်မှပြန်လည်ရောက်ရှိလာသော လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား နွေးထွေးပျူငှာစွာ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်စဉ်။

၂၀၂၄ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ကြီးကြပ်ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများလိုက်ပါသည့် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာလေ့လာရေးခရီးစဉ်သွားရောက်ရာမှ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့၊ ထားဝယ်လေဆိပ်သို့ပြန်လည်ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက နွေးထွေးပျူငှာစွာဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသည့် လေ့လာရေးခရီးစဉ် ဒေသန္တရဗဟုသုတများကို သွားရောက်လေ့လာခဲ့ပြီးဖြစ်ကြောင်း၊ နောင်များတွင်လည်း ပါဝင်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက လေ့လာရေးခရီးစဉ်များအပေါ် ကြုံတွေ့ရသော ဗဟုသုတများကို မျှဝေပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အလားတူ မြိတ်လေဆိပ်တွင်လည်း လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး ဂုဏ်ပြုအမှာစကားပြောကြားကာ လက်ဖက်ရည်၊ မုန့်များဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

◆ **ရွှေဖုံးမှအဆက်**

စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေ စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ မြေပဲစိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၈၂၀၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဆောင်းမြေပဲများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်နုတ်သိမ်းရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့နုတ်သိမ်းခဲ့သည့် ဆောင်းမြေပဲ တစ်ဧကလျှင် ၆၁ ဒသမ ၂၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **သုတကျော်**

နေပြည်တော်  မေ  ၂

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

**(မိုး/ဧလ)**

နေပြည်တော် မေ ၂

# ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ခရိုင်ရုံးသိုလှောင်ရုံတွင် ထိန်းသိမ်းထားရှိသောယာဉ်၊ ယန္တရားကြီးများ အသုံးပြုနိုင်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ သိုလှောင်ထားရှိသည့် ဖွံ့ဖြိုးရေးဆိုင်ရာထောက်ပံ့ရေးပစ္စည်းများ၏အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဆင်ပြီး ယာဉ်ယန္တရားဂိုဒေါင်များ၊ ယာဉ်ယန္တရားကြီးများ ထိန်းသိမ်းထားရှိမှု၊ ကြံ့ခိုင်မှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေနှင့် ဝန်ထမ်းမိသားစုဝင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ရာသီသီးနှံစိုက်ခင်းများ၊ ကြက်ခြံများနှင့် ငါးမွေးမြူရေးကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး Japan Myanmar Association (JMA)နှင့် MoU လက်မှတ်ရေးထိုး၍ သင်တန်းများ အမြန်ဖွင့်လှစ်ရန်၊ သင်တန်းသား၊ သင်တန်းသူများအတွက် အိပ်ဆောင်များ၊ ပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် မကြာမီဖွင့်လှစ်မည့်ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၉)အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်သည့် လေးထပ်အိပ်ဆောင်၊ သင်တန်းများ ထပ်မံဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် စားရိပ်သာများ၊ အိပ်ဆောင်၊ စာကြည့်တိုက်နှင့် စာသင်ဆောင်တို့ကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာမြေလွတ်နေရာများတွင် ဆောင်ရွက်လျက်ရှိသည့် Green House များနှင့် ငါးမွေးမြူထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဧပြီလ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံကာ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် အသင့်ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများကို ဗလငါးတန်နှင့်ပြည့်စုံပြီး ပညာရည်တိုးတက်မြင့်မားရန် ပျိုးထောင်ပေးရမည့်အချက်များ၊ ကျောင်းဥပမိရပ် ကောင်းမွန်စေရေး၊ အိပ်ဆောင်များ၊ စာသင်ဆောင်၊ စားရိပ်သာများ ကြိုတင်ပြင်ဆင်ထားရှိရေး၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်း၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ မကြာမီကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များကို မှာကြားကာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ အိပ်ဆောင်နှင့် စားရိပ်သာတို့တွင် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အိပ်ဆောင်များတွင် ဘေစင်ကောင်တာများနှင့် အနောက်တိုင်းအိမ်သာတပ်ဆင်ခြင်းလုပ်ငန်း၊ သုံးထပ်ပင်မဆောင်အတွင်း ပန်းဥယျာဉ်ငယ်တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမှုနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် မွေးမြူရေးဇုန်များ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် မွေးမြူရေးဇုန်များ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို တိုးချဲ့ဆောင်ရွက်စေလိုကြောင်း၊ အခြေခံစားသောက်ကုန်များ လုံလောက်ပြီး စားရေရိက္ခာဖူလုံစေရေးအတွက် စပါး အပါအဝင် အခြားသီးနှံများ၊ ဆီထွက်သီးနှံများ၊ သားငါးကဏ္ဍများကို အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးနိုင်သည့်မြေအားလုံး၌ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ စိုက်ပျိုးရေလုံလောက်မှုရှိစေရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးဇုန်များနှင့် ဇုန်ပြင်ပများတွင် သတ်မှတ်အရေအတွက်များထက် တိုးချဲ့ပြီး မွေးမြူနိုင်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အလိုက် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် မွေးမြူရေးဇုန်များ တိုးချဲ့မွေးမြူနိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များက လက်ရှိဆောင်ရွက်နေသည့် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် မေ ၂

## ဒဂုံမြို့သစ်မြို့နယ် လမ်းများကောင်းမွန်ရေး ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၅၉ ရပ်ကွက် အောင်သုခလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၆ ရပ်ကွက် စိန်မြရံချယ်(၃)လမ်း ကွန်ကရီလမ်းခင်းခြင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၇ ရပ်ကွက် တပင်ရွှေထီးလမ်းမှ ရာဇမိရာဇ်လမ်းအထိ အရှည်ပေ၂၅၀၀ လမ်းသားတိုးချဲ့ခင်းခြင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၅ ရပ်ကွက် သဇင်လမ်း ကွန်ကရီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**(သတင်းစဉ်)**

မန္တလေး မေ ၂

# မန္တလေးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့သွားရောက်၍ ဆရာတော်ကြီးများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညိုပြီး ဥပ္ပါတသန္တိကျမ်းစာအုပ်များလှူဒါန်း



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ဥပ္ပါတသန္တိကျမ်းစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မဟာအောင်မြေမြို့နယ်ရှိ အဝေရာမ ရန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ ချမ်းအေးသာစံမြို့နယ်ရှိ ပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတာဘိဝံသနှင့် မဟာအောင်မြေမြို့နယ်ရှိ မြတောင်ကျောင်းတိုက် နိုင်ငံတော်သြဝါဒစရိယ ဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ အဆိုပါကျောင်းတိုက်များရှိ သံဃာတော်၊ ရဟန်းသာမဏေများအတွက် ဥပ္ပါတသန္တိကျမ်းစာအုပ်များလှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့သို့ MAI လေကြောင်းလိုင်းဖြင့် ကြွရောက်မည့် နိုင်ငံတော်သြဝါဒစရိယ သောဠသမ ရွှေကျင်သာသနာပိုင်၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏိဿရအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမ၌ သွားရောက်ဖူးမြော်ကြည်ညိုပြီး သြဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာဓမ္မိကာရာမတိုက် နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု မိတ္ထီလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇနပီယ၊ ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသနှင့် ချမ်းမြသာစည်မြို့နယ်ရှိ အသောကာရာမတိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝရတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ အဆိုပါကျောင်းတိုက်များရှိ သံဃာတော်၊ ရဟန်းသာမဏေများအတွက် ဥပ္ပါတသန္တိကျမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၂

# ပဲခူးမြို့၌ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်





၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းကြောင့် နိုင်ငံတော်အတွက် ခိုင်လုံသောအခြေခံစာရင်းအင်းကိန်းဂဏန်းများရရှိပြီး စီမံကိန်းများရေးဆွဲရာတွင် အသုံးပြုနိုင်ရန် တိကျမှန်ကန်သည့် ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စသည်တို့ကို အခြေခံ၍ ၂၀၂၄ ခုနှစ်တွင်ရှိလာမည့်ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းယူနစ် (Census Unit) ၈၀၀၀၀ ခန့်ရှိပြီး စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့်ရှိမည်ဖြစ်ကာ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၂၀၀၀ ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန်လျာထားကြောင်း။

စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေမှလွဲ၍ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လည်းလိုအပ်ကြောင်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်၊ ညသန်းခေါင်ယံအချိန်ဖြစ်ပြီး အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည်ဖြစ်ကြောင်း။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းအတွက် စာရင်းစစ်၊ စာရင်းကောက်နည်းပြသင်တန်းနှင့်ဆင့်ပွားသင်တန်းအဆင့်ဆင့်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုရှင်းလင်းပြောကြားပြီး ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လူဦးရေ၏အခန်းကဏ္ဍနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ချက် အကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြကာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကိုပြသသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး ခင်းကျင်းပြသထားသည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ မြို့နယ်ရုံးဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများကို e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်း၌ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် ရုံးခန်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့၏အချက်အချာနေရာနှင့် လူစည်ကားရာနေရာတွင်တည်ရှိသည့်အတွက် မီးဘေးအန္တရာယ်နှင့်လုံခြုံရေးကို အထူးအလေးဂရုပြုဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


AGRICULTURE

## State economic promotion fund allocates more than Ks-6.5 billion loans to summer paddy growers in Mandalay Region



U Toe Min, Head of Mandalay Region Agriculture Department, said that more than Ks-6.5 billion loan from the State economic promotion fund has been disbursed to local farmers to grow summer paddy in seven districts of Mandalay Region.

The loan was allocated as Ks-200,000 per acre of summer paddy. The loan covered 32,578 acres of summer paddy.

"The loan aims to increase per-acre yield of summer paddy. In addition, it aims to benefit all of groups in the project as well as emergence of job opportunities and creation of more linkages between private businesspersons and foreign market. This year, local farmers expanded 43 acres of summer paddy more than previous year. They have to repay the loan in next six months," he explained.

Cultivation of summer paddy through the State economic promotion fund will be 718 acres in Kyaukse District, 100 acres in NyaungU District, 60 acres in TadaU District, 550 acres in Meiktila District, 350 acres in Yamethin District, 1,800 acres in Amarapura District, and 29,000 acres in Aungmyaethazan District, totalling 32,578 acres in seven district.

**SMK**

COMMERCE

## Myanmar exports more than 100,000 tons of rubber to foreign trade partner countries in 2023-2024 fiscal year



The Myanmar Rubber Growers and Exporters Association stated that more than 100,000 tons of rubber was exported to foreign countries in 2023-2024 financial year.

Rubber is planted in Mon and Kayin states as well as Yangon, Bago, Tanintharyi and Ayeyawady regions. Myanmar yields some 200,000 tons of rubber yearly, more than 90 percent of which is shipped to foreign market and about eight persons is used at home.

Rubber flows out to foreign trade partner countries through land borders and maritime trade channels.

Myanmar exports rubber to China, Singapore, Indonesia, Malaysia, South Korea, Japan, India, and Vietnam, 75 percent of which flows out to China.

In 2023-2024 financial year, Myanmar shipped more than 150,000 tons of rubber to foreign market. This year, the association strives for exporting some 350,000 tons of rubber to foreign countries.

At present, Mekong-Lancang cooperation special fund 2021 contributes rubber quality enhancement and market research process in Myanmar.

At a meeting on rubber sustainable development and export promotion in Myanmar held at the UMFCCI in Yangon this month, officials from various arenas discussed approaching to international rubber market with standardization, sustainable development of Myanmar's natural rubber, and issuance of recommendations.

**SK**

AGRICULTURE

## More than 1,000 acres of black bean harvested in Katha District

The statistics of Katha District Agriculture Department stated that more than 1,000 acres of black bean has been harvested in Katha District of Sagaing Region.

Harvesting of black bean started in February this year in Katha District and so far, 1,039 acres of black bean has been harvested, yielding 18.47 baskets per acre.

"The district cultivated 1,039 acres of black bean in winter. At present, all acres of black bean have been harvested with good yield. Our department assisted local farmers in growing black bean with necessary agricultural techniques and pest preventive ways," said U Myint Soe, Head of Katha District Agriculture Department.

In the district, 39 acres of black bean has been harvested in Katha Township and 1,000 acres in Htigyaing Township. In 2023-2024 cold season cultivation period, Katha District earmarked cultivation of 1,037 acres of black bean. In 2022-2023 financial year, local farmers planted 1,037 acres of black bean.

Relevant departments of agriculture help local farmers grow agricultural techniques for cultivation of black bean to have high yield.

**SMK**

FISHERY

## Fisheries Dept enacts seasonal ban to recover marine resources

The Fisheries Department has implemented seasonal closures in the waters to replenish marine resources during their reproductive seasons.

Freshwater fishing is prohibited from 1 May to 31 July this year. Saltwater shrimp harvesting is restricted from 1 June to 31 August, while lobsters, scorpion prawns, and mottled eels fishing is halted during the same period. Stonefish harvesting is also suspended from 1 July to 30 September.

U Nyunt Win, director of the Development and Research Division, said: "The nationwide prohibition aims to conserve the marine resources to prevent decline of these sources. This restriction occurs annually. Additionally, we will oversee offshore fishing vessels from other states and regions operating near the shore and enforce appropriate restrictions".

The ban encompasses not only catching but also purchasing marine creatures. Despite Myanmar's wealth of marine resources, mismanagement has led to significant waste. The authorities have taken measures in place to conserve the resources in time. **SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

FISHERY

# Plan underway to hatch domestic fish species bream in 2024-2025 fiscal year

"A test hatching for domestic fish species bream will be conducted at Natyegan fishery camp in Mandalay in 2024-2025 financial year," said Daw San San Oo, assistant director of the camp.

The camp officials collect fingerlings and nurture them at the camp not to cause depletion. The camp successfully hatched rare fish species in 2023-2024 financial year. So, the camp decided to hatch rare fish species bream in 2024-2025 financial year.

"Fingerlings from the hatching will be released into the natural water this year. If not we will sell such fingerlings to fish farmers. We will hatch rare fish species bream in 2024-2025 FY. We aim to produce rare fish species at home and increase fish resources at natural water," she explained.

There are 260 freshwater species and 475 seawater fish species in Myanmar in addition to 24 freshwater shrimp species and 46 seawater shrimp species. So, Natyegan fishery camp hatches rare domestic fish species yearly.

**SK**

AGRICULTURE

# More than 20,000 acres of groundnut harvested in Indaw Township

A total of 23,850 acres of winter groundnut has been harvested in Indaw Township of Katha District in Sagaing Region, according to Indaw Township Agriculture Department.

Harvesting of groundnut started in February. So far, local farmers have harvested 23,850 acres of groundnut in the township, yielding 70.50 baskets per acre.

"We are making preparations for expanding of sown acreage of groundnut in Indaw Township. Local farmers mostly grow groundnut in winter more than monsoon. In this regard, one acre of cropland needs one and a half baskets of quality groundnut seeds, and they cost more than Ks-200,000 per acre including labour charge, fertilizer and pesticides," said U Thein Khaing, Head of Indaw Agriculture Department.

In 2023-2024 financial year, local farmers cultivated 23,850 acres of groundnut exceeding the target of 12,822 acres of groundnut, starting cultivation from October 2023.

Staff members of Township Agriculture Department help local farmers grow winter groundnut for thriving, prevent pesticide and clear weeds.

**SMK**

TOURISM

# Digital directories set for 17 Mandalay Region pagodas

According to the Mandalay Region Government, digital directories are currently being installed at 17 renowned pagodas across the Mandalay Region.

These pagodas include the Maha Muni Buddha Image, Kyauktawgyi, Kuthodaw, Shwekyeemyin, and Aungdawmu Pagodas, as well as the Sutaungpyae Pagoda on Mandalay Hill. Additionally, the Kyaukse Maha Shwetheindaw, Maha Anthtoo Kantha Pagoda, Shwezigon, Ananda Temple, Lawkananda, Tuyintaung, Htilominlo, Manuha Temple, Alotawpyae, Buu, and Dhammayazika Pagodas are included.

The installation of these digital directories aims to enable pilgrims to delve into the historical background and details of each pagoda, with the potential to attract a higher number of foreign visitors.

**SK**

IRAN

# Iran imposes sanctions against UK defense head for supporting Israel - Foreign Ministry

Iran has added UK Defence Secretary Grant Shapps, other military officials, as well as three UK companies to its sanctions list due to their support for Israel's actions against Palestine, the Iranian Foreign Ministry said on Thursday.

The updated list includes UK Defence Secretary Grant Shapps, Commander of the British Army Strategic Command James Hockenhull, Deputy Chief of the General Staff Sharon Nesmith, among other senior military officials, as well as the Royal Air Force Akrotiri military airbase on the Mediterranean island of Cyprus, the Rafael UK company, the Parker Meggitt company and the Elbit Systems company.

"The Ministry of Foreign Affairs of the Islamic Republic of Iran ... stipulates the following individuals and entities of the UK regime in its sanction list for deliberate support and facilitation of the Israel Zionist regime's actions, including committing terrorist acts against regional and international peace and security, systematic violation of human rights, warmongering, use of heavy weaponry and prohibited weapons against civilian, blocked, displacement of the Palestinian people, expansion of illegal settlement in occupied territory and continuation of occupation," the ministry said in a statement on its Telegram channel.

**Sputnik**

KENYA

# Death toll from flooding in Kenya rises to nearly 190

At least 188 people have been killed by flooding and landslides caused by heavy rains in Kenya, the government said on Thursday.

According to the Ministry of Interior and National Administration, downpours and thunderstorms in over 28 of the country's 47 counties have resulted in widespread displacement, affecting 196,290 people from 33,100 households.

"A total of 125 people have been reported injured, 90 people are currently missing, and an estimated 165,500 others were affected by the heavy floods, which touched a total of 33,100 households and 1,967 schools," the ministry said in a statement issued in Nairobi, the capital of Kenya.

Kenyan officials and humanitarian agencies have called on the population to avoid flooded areas, move to higher ground and avoid driving when it rains heavily.

The weatherman has predicted that rainfall is expected to continue over parts of the country, with several counties expected to receive heavy rainfall in the coming days.

The government said it has scaled up measures to mitigate the aftermath caused by the ongoing enhanced rains and floods, dispatching military personnel to help with search and rescue operations.



People look at a section of a railway line destroyed by flash floods and landslides at Kijabe Forest in Kiambu County, Kenya, on May 1, 2024.

The interior ministry said 151 Kenya Defense Forces (KDF) officers are dispatched to Mai Mahiu, about 60 kilometers north of Nairobi, where flash floods killed more than 52 people on Sunday evening; 51 people are still unaccounted for following a mudslide tragedy there.

**Xinhua**

TÜRKIYE

# Turkish police seize smuggled gold worth US$-1.4 mln in border province

Turkish police seized smuggled gold bars and bracelets worth 1.4 million U.S. dollars in an operation on Thursday at the northwestern border province of Edirne, local media reported.

The Haberturk Daily said the security forces seized two trucks arriving in Türkiye from the Kapikule border gate with Bulgaria, confiscating 23 gold bars and 22 gold bracelets weighing nearly 19 km.

The seized gold is worth 45.2 million Turkish liras or 1.4 million dollars, said Haberturk.

Rampant inflation, a weakening currency and geopolitical tensions are boosting demand for gold in Türkiye, according to a World Gold Council report published on Tuesday.

The Turkish State Mint has recently issued a cautionary note to citizens and shop owners regarding counterfeit and smuggled gold when gold production is struggling to meet demand.

**Xinhua**

RUSSIA

# Ukraine's total military casualties in Donetsk region reaches up to 750 in past day - MoD

The Ukrainian armed forces have suffered up to 750 military casualties in the Donetsk People's Republic (DPR) in the past 24 hours as a result of operations by Russian armed forces, the Russian Ministry of Defence (MoD) said on Thursday.

Russia's Battlegroup Tsentr has repelled 10 Ukrainian counterattacks in several DPR settlements over the past day, the ministry said, adding that the Russian forces have taken full control over the DPR village of Berdychi.

"[As a result of clashes with the central grouping of the Russian armed forces], the Armed Forces of Ukraine lost up to 380 military personnel, five armored combat vehicles, eight cars [among other military losses]," the ministry said in a statement.

As a result of clashes with Battlegroup Yug in the DPR, Kiev has lost up to 270 soldiers.

Battlegroup Vostok has also improved its positions in the DPR and repelled a Ukrainian counterattacknear the village of Staromayorskoye, while Kiev has lost up to 100 soldiers, the statement read.

Battlegroup Zapad has thwarted five counterattacks by Ukrainian troops in the Luhansk People's Republic (LPR) and the Kharkov region, where Ukraine has lost over 150 soldiers, the MoD added.

**Sputnik**

ISRAEL

# Israeli military announces preparation for offensive targeting Hezbollah

Israeli Chief of the General Staff Herzi Halevi has assessed the security situation in the defense forces' northern command and announced preparation for an offensive on the northern front amid ongoing shelling by Lebanese Shia movement Hezbollah, the Israel Defence Forces (IDF) said on Wednesday.

"You [commanding officers] are doing an excellent job of operational defense in the north, and we are preparing for an offensive in the north. We are preparing for an offensive in the north. We are taking the difficult event of October 7th, we have recovered, moved forward strongly, and are making a very clear statement about our presence here going forward. The reserve force plays a significant role in this," Halevi was quoted by the IDF as saying.

Hezbollah has been exchanging airstrikes with Israel since October 2023, as the situation in the region deteriorated dramatically after Israel announced a military operation against Palestinian movement Hamas in the Gaza Strip. The Lebanese Foreign Ministry has said some 100,000 people have been forced to leave their homes in southern Lebanon because of Israel's shelling. Israel has also said that about 80,000 residents of northern Israel have found themselves in a similar situation.

On October 7, 2023, Hamas launched a large-scale rocket attack against Israel and breached the border, attacking both civilian neighborhoods and military bases. Nearly 1,200 people in Israel were killed and some 240 others abducted during the attack. Israel launched retaliatory strikes, ordered a complete blockade of Gaza, and started a ground incursion into the Palestinian enclave with the declared goal of eliminating Hamas fighters and rescuing the hostages. Over 34,400 people have been killed so far by Israeli strikes in the Gaza Strip, according to local authorities.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists find a common nutrient can prevent tumor growth and make cancer drugs work better - do you get enough of it?

- **Mice fed vitamin D had a stronger immune resistance to transplanted cancers**
- **Nutrient sets off process in the gut that produces cancer-resisting bacteria**
- **Vitamin D ‘could slash chance of a heart attack by a fifth’**

A crucial nutrient found in fatty fish has been shown in the lab to provide some level of immunity to cancer.

Mice fed a vitamin D-rich diet had a stronger immune resistance to experimentally transplanted cancers and improved responses to immunotherapy treatment compared to mice that did not get nearly as much vitamin D.

Scientists found that the nutrient sets off a process in the gut that produces the Bacteroides fragilis bacteria, which they say gave the mice the necessary boost in immunity.

The body synthesizes vitamin D from sunlight and some foods, including fatty fish, egg yolks, and some dairy.

It can be difficult to get the requisite amount of sunlight in winter months or in areas closer to the poles.

It’s not exactly clear why the bacteria appears to have immune-boosting powers, but the study sheds light on the promise of novel insights and therapeutics for cancers that work on the gut microbiome.

Researchers at the Francis Crick Institute in London, the National Cancer Institute (NCI) of the U.S. National Institutes of Health (NIH), and Aalborg University in Denmark revealed last week that feeding mice a diet chock full of vitamin d responded better to cancer immunotherapy and better resistance to tumors.

Vitamin D acted on the cells lining the intestine, which changed the types of bacteria living there and allowed the Bacteroides fragilis to thrive.

Caetano Reis e Sousa, head of the Immunobiology Laboratory at the Crick, and senior author



Mice fed vitamin D had a stronger immune resistance to experimentally transplanted cancers.

said: ‘What we've shown here came as a surprise—vitamin D can regulate the gut microbiome to favor a type of bacteria which gives mice better immunity to cancer.

‘This could one day be important for cancer treatment in humans, but we don't know how and why vitamin D has this effect via the microbiome. More work is needed before we can conclusively say that correcting a vitamin D deficiency has benefits for cancer prevention or treatment.’

The NIH recommends maintaining vitamin D levels above 50 nanomoles per liter, which is recommended for bone health, though people can’t know their exact level without a blood test.

Roughly 42 percent of Americans are deficient in vitamin D. Signs of getting too little of the vitamin include fatigue, bone pain or achiness, depression or feelings of sadness, hair loss, muscle weakness, loss of appetite, and weak immune system.

It is recommended to have about five to 30 minutes of sun exposure per day without sunscreen, as SPF ≤8 may block the body's ability to absorb the UVB rays to effectively make vitamin D.

Exploring new avenues for treatments could help scientists make headway against some of the most aggressive cancers, including gastrointestinal cancers whose growth have been linked to the gut microbiome.

To better examine the link between vitamin D and cancer prevention, the researchers analyzed a data set containing patient data from 1.5 million people in Denmark, which uncovered a link between lower levels of vitamin d exposure and a higher incidence of cancers.

Evangelos Giampazolias, a cancer surveillance expert at the Cancer Research UK Manchester Institute and lead author of the study, said: ‘A key question we are currently trying to answer is how exactly vitamin D supports a “good” microbiome.

‘If we can answer this, we might uncover new ways in which the microbiome influences the immune system, potentially offering exciting possibilities in preventing or treating cancer.’

Vitamin d has also been shown to positively influence other aspects of people’s health, including heart attack prevention, diabetes maintenance, and staving off dementia.

### Taking Vitamin D each day 'could cut chances of getting dementia'

Taking daily vitamin D lowers the chances of developing dementia, especially in women, a study suggests. Those who took supplements lived free from the disease for longer with 40 percent fewer cases overall, researchers found.

Experts believe the vitamin may help to reduce the build up of amyloid plaques and tau, the accumulation of which is linked to Alzheimer's disease and dementia.

Scientists from Exeter University and Calgary's Hotchkiss Brain Institute in Canada analysed a group of 12,388 people in the US National Alzheimer's Coordinating Centre.

About 4,600 - 37 percent - of the participants who had an average age of 71 and were dementia-free at the start of the trial – took supplements.

Some 2,696 people went on to be diagnosed with dementia over the next 10 years.

Of them, around three-quarters (2,017) never took supplements during that period while a quarter did (679).

There were 40 percent fewer cases of the disease among those who reported taking vitamin D supplements, according to the findings published in Alzheimer's & Dementia.

Professor Zahinoor Ismail, of the University of Calgary and the University of Exeter, who led the research, said: 'We know that vitamin D has some effects in the brain that could have implications for reducing dementia, however so far, research has yielded conflicting results.

'Our findings give key insights into groups who might be specifically targeted for vitamin D supplementation.

'Overall, we found evidence to suggest that earlier supplementation might be particularly beneficial, before the onset of cognitive decline.'

Vitamin D comes from foods - such as oily fish, supplements and exposing skin to sunlight.

Experts believe the greater effects among women could be because levels of oestrogen, which is linked to the activation of vitamin D, fall during menopause.

This could lead to greater effects from taking the vitamin, which is often recommended to women because of links to other health benefits, such as bone health.

**Mail Online**

# ပြီးဆုံးရန်လမ်းစမမြင်နိုင်သေးသည့် အစ္စရေး-ဟားမက်စ်တင်းမာမှုနှင့် ပိုမိုဆိုးရွားလာနိုင်သည့် အစ္စရေး-အီရန်လက်နက်ကိုင်ပဋိပက္ခ

နိုင်အောင်



အစ္စရေးအစိုးရအနေဖြင့် ဟားမက်စ်စစ်သွေးကြွအဖွဲ့နှင့် ဓားစာခံများပြန်လွှတ်ပေးရေးသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်သည်ဖြစ်စေ၊ မချမှတ်နိုင်သည်ဖြစ်စေ ရာဖာမြို့အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန်အတွက် အစ္စရေးတပ်ဖွဲ့ဝင်များကို စေလွှတ်မည်ဟု အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ဧပြီလကုန်ပိုင်းတွင် ထုတ်ဖော်ပြောကြားလိုက်ခြင်းကြောင့် နှစ်ဖက်အဖွဲ့အစည်းကြား တင်းမာမှုများကိုရပ်ဆိုင်း၍ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်နိုင်မည်ဟူသော မျှော်လင့်ချက်မှာ ပျောက်ကွယ်ခဲ့ရသည်။

ဝန်ကြီးချုပ်နေတန်ယာဟု၏ ယခုပြောဆိုချက်သည် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးကက်ဇ်၏ ပြောကြားချက်နှင့်ကွဲလွဲလျက်ရှိသည်။ အကြောင်းမှာ ဟားမက်စ်အဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများကိုပြန်လွှတ်ပေးမည်ဆိုပါက အစ္စရေးက ဂါဇာကမ်းမြောင်ဒေသတွင် ဆင်နွှဲနေသည့် အငြင်းပွားဖွယ်စစ်ဆင်ရေးများကို ရပ်တန့်မည်ဟု ကက်ဇ်ကအစောပိုင်းတွင် ကတိပြုပြောကြားခဲ့သည်။ သို့သော် နေတန်ယာဟု၏ ယခုပြောဆိုချက်သည် အစ္စရေးနှင့်ဟားမက်စ်တို့ကြား ဖြစ်ပေါ်နေဆဲဖြစ်သည့်တင်းမာမှုများကို လျော့ကျသွားစေခဲ့ခြင်းမရှိပေ။

ဟားမက်စ်စစ်သွေးကြွအဖွဲ့သည် လက်ရှိတွင် အစ္စရေးဓားစာခံ ၁၃၀ ဦးခန့်ကို ဂါဇာဒေသ၌ ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်သည်ဟုယူဆရသည်။ ထို့ပြင် ဟားမက်စ်တို့သည် အစ္စရေးအစိုးရက ပြုလုပ်လာမည့် အပစ်အခတ်ရပ်စဲရေးကမ်းလှမ်းချက်ကို စောင့်ကြည့်လေ့လာလျက်ရှိသည်။ အကယ်၍ အစ္စရေးနှင့် ဟားမက်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချမှတ်နိုင်မည်ဆိုပါက နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် တိုက်ခိုက်မှုများကို ရပ်ဆိုင်းပစ်နိုင်သည့်အပြင် အစ္စရေးဓားစာခံများကို ပြန်လွှတ်ပေးခြင်းအားဖြင့် အစ္စရေးတို့၏ အကျဉ်းထောင်များရှိ ပါလက်စတိုင်း အကျဉ်းသားများကိုပါ ပြန်လည်လွှတ်မြောက်စေနိုင်မည်ဖြစ်သည်။

ရာဖာမြို့သည် အီဂျစ်နိုင်ငံနှင့် ထိစပ်နေသည့် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင်တည်ရှိပြီး ခန့်မှန်းခြေအားဖြင့် ပါလက်စတိုင်းပြည်သူ ၁ ဒသမ ၄ သန်းခန့် နေထိုင်လျက်ရှိသည်။ အစ္စရေးစစ်ဘက်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ ဟားမက်စ်စစ်သွေးကြွများ၏ ပစ်မှတ်များကို တိုက်ခိုက်သည်ဟူသော အကြောင်းပြချက်ဖြင့် ရာဖာမြို့အား လေကြောင်းမှတိုက်ခိုက်ခဲ့သည်။ ထို့ပြင် အမေရိကန်နှင့် ကုလသမဂ္ဂတို့၏ ကန့်ကွက်မှုများရှိနေသော်လည်း အဆိုပါဒေသသို့ အစ္စရေးစစ်သည်များအား စေလွှတ်မည်ဟု နေတန်ယာဟုက ကာလရှည်ကြာခြိမ်းခြောက်ပြောဆိုခဲ့သည်။

ထို့ပြင် အစ္စရေးနှင့် ဟားမက်စ်တို့ကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေစဉ် အီရန်နှင့်အစ္စရေးတို့ကြား တိုက်ခိုက်မှုများထပ်မံဖြစ်ပေါ်လျက်ရှိကြောင်းတွေ့ရသည်။ အဆိုပါ အပြန်အလှန်တိုက်ခိုက်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် စစ်မီးများ ဆက်လက်တောက်လောင်မည့် အလားအလာရှိနေသည်။

အီရန်နိုင်ငံ၏ အကျိုးစီးပွားအပေါ် အစ္စရေးက ပြီးခဲ့သည့်လအတွင်း၌ တိုက်ခိုက်ခဲ့ခြင်းအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်စစ်ဘက်က ၎င်းတို့၏ ပိုင်နက်နယ်မြေအတွင်းမှနေ၍ အစ္စရေးအား ပြီးခဲ့သည့်လကုန်ပိုင်းက ပြန်လည်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ရာတွင် အီရန်က ဒရုန်းများနှင့် ဒုံးကျည်များကို အသုံးပြုခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံအတွင်းရှိ မြို့ကြီးများတွင် လေကြောင်းတိုက်ခိုက်မှု သတိပေးချက်များ ထွက်ပေါ်လာခဲ့ရပြီး အစ္စရေးနိုင်ငံသားအများအပြားမှာလည်း အီရန်၏ တိုက်ခိုက်မှုကြောင့် တုန်လှုပ်ချောက်ချားခဲ့ရသည်။

အီရန်၏ အဆိုပါတိုက်ခိုက်မှုသည် သမိုင်းကြောင်းတစ်လျှောက်တွင် ပြင်းထန်သည့် ဒရုန်းတိုက်ခိုက်မှုတစ်ရပ်အဖြစ် ကမ္ဘာ့မီဒီယာများကဖော်ပြခဲ့သည်။ အီရန်၏ ယင်းတိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့တော်ရှိ အီရန်ကောင်စစ်ဝန်ရုံး အဆောက်အအုံအား အစ္စရေးစစ်ဘက်က ဧပြီလ ၁ ရက်တွင် လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းကို တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အစ္စရေး၏ အဆိုပါတိုက်ခိုက်မှုအတွင်း အီရန်စစ်ဘက်မှ အဆင့်မြင့်အရာရှိကြီးနှစ်ဦးနှင့် စစ်ရေးအကြံပေးငါးဦးသေဆုံးသွားသည်။ အဆိုပါတိုက်ခိုက်မှုတွင် အစ္စရေးက သိမ်းပိုက်ခံဂိုလန်ကုန်းမြင့်ဒေသမှ ဒမတ်စကပ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် စစ်ရေးတင်းမာမှုများသည် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းများကို တိုက်ခိုက်နေခြင်းဖြစ်သည်ဟု အီရန်ကယူဆနေသည်။ အကြောင်းမှာ ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဟားမက်စ်အဖွဲ့သည် အီရန်အား ထောက်ခံနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့်ဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် ဂါဇာကမ်းမြောင်ဒေသအပေါ် အစ္စရေးစစ်ဘက်က တိုက်ခိုက်မှုများလုပ်ဆောင်နေခြင်းကို ရပ်ဆိုင်းလိုက်ခြင်းသည် ဒေသအတွင်းဖြစ်ပေါ်နေသည့် တင်းမာမှုများကို လျှော့ချပစ်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်ဟု ကျွမ်းကျင်သူများကထောက်ပြထားသည်။ လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အရေးတကြီးလိုအပ်လျက်ရှိသည်။ ယင်းတိုက်ခိုက်မှုများသည် လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်နိုင်ရေးအတွက် အထောက်အကူမပြုဟု လေ့လာသူများက ရှုမြင်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းရှိ ပဋိပက္ခကို ပိုမိုဆိုးရွားစေသည့် အချက်တစ်ချက်မှာ အစ္စရေး၏မဟာမိတ်ဖြစ်သည့် အမေရိကန်က ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်းရှိ အီရန်နှင့်ဆက်စပ်နေသည့် ပစ်မှတ်များအပေါ် တိုက်ခိုက်နေခြင်းဖြစ်သည်။ အမေရိကန်သည် လက်ရှိတွင် ၎င်းတို့၏ စစ်သည် ၁၀၀၀ ခန့်အထိကို ဆီးရီးယားနိုင်ငံအတွင်း၌ တပ်ဖြန့်ထားပြီး ရေနံမြေများကို ထိန်းချုပ်ထားသည်။ အမေရိကန်၏ အဆိုပါတပ်စွဲမှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆီးရီးယားအစိုးရက ထပ်တလဲလဲစွပ်စွဲထားသော်လည်း အမေရိကန်တပ်များမှ ယင်းနိုင်ငံအတွင်းမှ ဆုတ်ခွာသွားခြင်းမရှိသေးပေ။

ထို့ပြင် အီရန်မှ ကျောထောက်နောက်ခံပြုထားသည့် လက်နက်ကိုင်အဖွဲ့များသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၁၇ ရက်မှစ၍ အီရတ်နှင့်ဆီးရီးယားရှိ အမေရိကန်စစ်သည်များကို ပစ်မှတ်ထား တိုက်ခိုက်လာသည်။ ဟားမက်စ်၊ အစ္စလာမ်မစ်ဂျီဟက်အဖွဲ့နှင့် လက်ဘနွန်ရှိ ဟစ်ဇဘိုလာပြောက်ကျားတပ်များအားလုံးကို အီရန်ကထောက်ခံလျက်ရှိသည်ဟု အမေရိကန်က စွပ်စွဲထားသည်။ ထို့ပြင် အမေရိကန်တပ်များသည် အောက်တိုဘာလ ၁၇ ရက်မှစ၍ တိုက်ခိုက်မှုအကြိမ်ပေါင်း ၁၆ ကြိမ်ရင်ဆိုင်ခဲ့ရပြီးဖြစ်သည်ဟု အမေရိကန်စစ်ဘက်က တရားဝင်ထုတ်ပြန်ထားသည်။

အီရန်သည် လက်ရှိတွင် ပါလက်စတိုင်း၊ လက်ဘနွန် စသည့်နိုင်ငံများရှိ စစ်သွေးကြွများအပေါ် အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးထားနိုင်သည့် အခြေအနေတွင်ရှိနေပြီး ၎င်းတို့၏စစ်ရေးအင်အား၊ အထူးသဖြင့် ဒုံးကျည်နည်းပညာမှာ ယခင်ကထက်တိုးတက်လာလျက်ရှိသည်။ ယင်းအချက်ကို အမေရိကန်က သဘောမကျပေ။ ထို့ကြောင့် အီရန်၏ပစ်မှတ်များနှင့်အကျိုးစီးပွားများအပေါ် တိုက်ခိုက်ရသည့် အမေရိကန်၏ အကြောင်းပြချက်မှာ အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် အမေရိကန်စစ်သည်များအပေါ် အီရန်၏ မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်များဖြင့်တိုက်ခိုက်မှုများကို လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ဆိုထားသည်။

စင်စစ်တွင် အရှေ့အလယ်ပိုင်းဒေသရှိ အီရန်ပစ်မှတ်များအပေါ် အမေရိကန်က တိုက်ခိုက်ခြင်းသည် အီရန်က အစ္စရေးနှင့် အမေရိကန်တို့အား ဆန့်ကျင်နေသည့် စစ်သွေးကြွအဖွဲ့အစည်းများအား အီရန်က ကျောထောက်နောက်ခံ ပြုထားခြင်းကို လက်တုံ့ပြန်ခြင်းဖြစ်ပြီး အနာဂတ်ကာလတွင် အမေရိကန်စစ်အခြေစိုက်စခန်းများ တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန်ဖြစ်သည်။ ထို့ပြင် လက်ရှိဖြစ်ပွားနေသည့် အစ္စရေး-ဟားမက်စ်ပဋိပက္ခမှ ထွက်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ဂျိုးဘိုင်ဒင်အစိုးရလျှော့ချလိုခြင်းဖြစ်သည်။ သို့သော် အမေရိကန်၏ အဆိုပါဆန္ဒမှာ ပြည့်မြောက်မည်မဟုတ်ပေ။

အကြောင်းမှာ ဂါဇာကမ်းမြောင်ဒေသတွင် မြေပြင်စစ်ဆင်ရေးဆင်နွှဲရန်အတွက် အရန်တပ်မဟာနှစ်ခုကို အစ္စရေးစစ်ဘက်က ဖြန့်ကြက်ထားပြီးဖြစ်သောကြောင့်ပင်ဖြစ်သည်။ အစ္စရေးစစ်ဘက်သည် အဆိုပါတပ်ဖွဲ့များကို အစ္စရေးနိုင်ငံမြောက်ပိုင်းနယ်စပ်အနီးတွင် စစ်ဆင်ရေးတာဝန်များပေးအပ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရပါမူ အသစ်ဖြန့်ကြက်လိုက်သည့် အစ္စရေးတပ်ဖွဲ့များသည် ဂါဇာဒေသ၌ မြေပြင်စစ်ပွဲဆင်နွှဲရမည်ဖြစ်သည်။

အမေရိကန်နှင့် အီရန်တို့ကြား စစ်ရေးတင်းမာမှုများသည် ပါလက်စတိုင်းတို့ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံတစ်ရုံအား ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၇ ရက်က တိုက်ခိုက်မှုဖြစ်ပွားပြီးချိန်မှစ၍ မြင့်တက်လာခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုအတွင်း ကနေဒါနိုင်ငံသားများအပါအဝင် လူ ၁၄၀၀ ကျော် သေဆုံးသွားသည်။ ယင်းတိုက်ခိုက်မှုသည် အစ္စရေးတို့၏ လက်ချက်ဖြစ်သည်ဟု ပါလက်စတိုင်းအာဏာပိုင်များက ပြောကြားခဲ့သည်။ သို့သော် အစ္စရေးနှင့်အမေရိကန်တို့က အဆိုပါပြောဆိုချက်ကိုငြင်းဆိုထားပြီး ယင်းတိုက်ခိုက်မှုသည် ပါလက်စတိုင်းဂျီဟက်အဖွဲ့တစ်ခု လက်ချက်သာဖြစ်ကြောင်းတုံ့ပြန်ထားသည်။

ယင်းနောက်ပိုင်းတွင် အစ္စရေးအား အမေရိကန်က စစ်ရေးအရထောက်ပံ့နေခြင်းနှင့်စပ်လျဉ်း၍ အီရန်ကပြင်းပြင်းထန်ထန်သတိပေးပြောကြားခဲ့ပြီး အမေရိကန်က ထောက်ပံ့ပေးနေသည့် စစ်လက်နက်များဖြင့် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအပေါ် တိုက်ခိုက်နေသည်ဟု အီရန်အရာရှိများက ဆိုသည်။ ထို့ကြောင့် အစ္စရေးအနေဖြင့် ဟားမက်စ်အဖွဲ့အပေါ် ထိုးစစ်ဆင်မှုမရပ်တန့်သရွေ့ အီရန်က အမေရိကန်ကိုလည်း ချမ်းသာပေးမည်မဟုတ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဟော့စိန်အမီရာအဗ္ဗဒိုလာဟီယန်က ပြီးခဲ့သည့်နှစ်အတွင်း၌ လူသိရှင်ကြားသတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ အစ္စရေး-ဟားမက်စ်လက်နက်ကိုင်ပဋိပက္ခသည် ပိုမိုပြင်းထန်လာသည့်အပြင် ဂါဇာဒေသတွင် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများကိုပါ ပိုမိုဖြစ်ပေါ်လာစေခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသသည် ယခင်ကတည်းကပင် ပိတ်ဆို့ခံဒေသတစ်ခုဖြစ်သည့်အပြင် အပြန်အလှန်တိုက်ခိုက်မှုများအတွင်း သေဆုံးသူပါလက်စတိုင်းအရေအတွက်မှာလည်း တစ်စထက်တစ်စ ပိုမိုမြင့်တက်လာခဲ့ပြီဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနှင့်ဟားမက်စ်တို့ကြားနှင့် အစ္စရေး-အီရန်တို့ကြား ထွက်ပေါ်လာသည့် စစ်ရေးတင်းမာမှုများ၊ ဒေသတွင်းကိစ္စရပ်များတွင် ဝင်ရောက်ခြယ်လှယ်နေသည့် အမေရိကန်၏လုပ်ဆောင်မှု၊ အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်များအပေါ် တိုက်ခိုက်မှုများမြင့်တက်လာနေစဉ် အမေရိကန်အစိုးရက ၎င်းတို့၏ ရေတပ်အင်အားများကိုပါ အရှေ့အလယ်ပိုင်းသို့ စေလွှတ်ခဲ့မှုတို့သည် လက်ရှိဖြစ်ပွားနေသည့် စစ်ရေးတင်းမာမှုများကို လျော့ကျစေမည့် အလားအလာမရှိဘဲ ပိုမိုမြင့်တက်လာစေမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: RT, Cbc

မော်စကို၊ စစ်ရေး

## ယူကရိန်းပဋိပက္ခအတွင်း သိမ်းဆည်းရမိခဲ့သည့် အနောက်နိုင်ငံထုတ် လက်နက်များကို ရုရှားထုတ်ဖော်ပြသ



ရုရှားအစိုးရသည် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခအတွင်း သိမ်းဆည်းရမိခဲ့သည့် အနောက်နိုင်ငံထုတ် လက်နက်များကို မော်စကိုမြို့တော်၌ ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

ရုရှားတပ်များက သိမ်းဆည်းနိုင်ခဲ့သည့် အဆိုပါလက်နက်များမှာ ယူကရိန်းသို့ ထောက်ပံ့ပေးထားသော လက်နက်ပစ္စည်းများဖြစ်ရာ ယူကရိန်းစစ်ပွဲတွင် အမေရိကန်အပါအဝင် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများ၏ ပါဝင်စွက်ဖက်မှုအတိုင်းအတာကို ကမ္ဘာ့နိုင်ငံများက တွေ့မြင်နိုင်မည်ဖြစ်သည်။

သိမ်းဆည်းရမိခဲ့သည့် လက်နက်များတွင် M1 Abrams တင့်များလည်း ပါဝင်သည်။ ရုရှားအစိုးရသည် အဆိုပါပြပွဲကို ၁၉၄၅ ခုနှစ်က ဆိုဗီယက်တပ်နီတော်က နာဇီဂျာမနီအပေါ် အောင်ပွဲခံသည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့်ပြတိုက်၏ ပြင်ပတွင် မေလ ၁ ရက်က စတင်ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ယင်းပြပွဲ၏အမည်ကိုမူ "ရုရှားတပ်မတော်၏အောင်မြင်မှုများ"ဟူ၍ ပေးထားကြောင်း သိရသည်။

ယခုထုတ်ဖော်ပြသထားသည့် စစ်လက်နက်ပစ္စည်းများသည် ရုရှားနိုင်ငံ၏ အင်အားကို ထင်ဟပ်ပြသနေခြင်းဖြစ်ပြီး မိမိတို့တွင် အင်အားပိုမိုတောင့်တင်းလေလေ၊ မိမိတို့ ရုရှားနိုင်ငံ၏အင်အားမှာပိုမိုကြီးထွားလာမည်ဖြစ်ကြောင်း၊ အနောက်နိုင်ငံများက ယူကရိန်းအား ထောက်ပံ့ပေးနေသည့် စစ်လက်နက်အသစ်များသည် စစ်မြေပြင်၏ အခြေအနေကို ပြောင်းလဲစေမည်မဟုတ်သောကြောင့် ရုရှားတပ်မတော်က ဆင်နွှဲနေသည့် အထူးစစ်ဆင်ရေးမှာလည်း အောင်မြင်မည်ဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

*Ref: Msn*

နိုင်ရိုဘီ၊ သဘာဝဘေး

## ကင်ညာတွင် ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပွားရာ အနည်းဆုံးလူ ၁၈၈ ဦးသေဆုံး

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံးလူ ၁၈၈ ဦးသေဆုံးခဲ့ရကြောင်း ယင်းနိုင်ငံအစိုးရက မေလ ၂ ရက်တွင်ထုတ်ပြန်သည်။

မိုးသည်းထန်စွာရွာသွန်းမှုများနှင့် မိုးသက်မုန်တိုင်းများတိုက်ခတ်ခြင်းတို့သည် နိုင်ငံအတွင်းရှိ ခရိုင် ၄၇ ခုအနက် ၂၈ ခုတွင် လက်ရှိဖြစ်ပွားနေပြီး လူပေါင်း ၂၀၀၀၀၀ နီးပါးမှာ သဘာဝဘေးဒဏ်သင့်လျက်ရှိကြောင်း ပြည်ထဲရေးနှင့်အမျိုးသားစီမံအုပ်ချုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ရေကြီးမှုနှင့် မြေပြိုမှုများအတွင်း လူ ၁၂၅ ဦး ဒဏ်ရာရရှိထားပြီး လောလောဆယ်တွင် လူ ၉၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း၊ သဘာဝဘေးကြောင့် လူနေအိမ် ၃၃၁၀၀ လုံးနှင့် စာသင်ကျောင်း ၁၉၆၇ ကျောင်းထိခိုက်ခဲ့ရကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ရေကြီးမှုဖြစ်ပွားရာဒေသများကို ရှောင်ရှား၍ ကုန်းမြင့်ဒေသများတွင်သာ နေထိုင်ကြရန် အကူအညီပေးရေးအဖွဲ့အစည်းများက တိုက်တွန်းထားသည်။ နိုင်ငံအတွင်းရှိ အခြားဒေသများ၌ လာမည့်ရက်ပိုင်းအတွင်း မိုးများဆက်လက်သည်းထန်စွာ ရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသဌာနကခန့်မှန်းထားသည်။

နိုင်ငံအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အစိုးရက အမျိုးသားလူငယ်ကယ်ဆယ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

*Ref: Xinhua*



အစ္စလာမ်မာဘတ်၊ အကြမ်းဖက်မှု

## ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား တစ်ဦးသေဆုံးပြီး ၂၀ ဦး ဒဏ်ရာရ



ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မေလ ၂ ရက်က ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ၂၀ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။

ပေါက်ကွဲမှုများသည် ဘာလိုချီစတန်ပြည်နယ်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ပထမဆုံးသောပေါက်ကွဲမှုမှာ ဒွတ်ကီခရိုင်တွင် ကျောက်မီးသွေးတင် ကုန်တင်ကားတစ်စီးက အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် မိုင်းအားတက်နင်းခဲ့မိခြင်းဖြစ်သည်။ ဒုတိယအကြိမ်ဖြစ်ပွားသည့်ပေါက်ကွဲမှုမှာ အဆိုပါနေရာသို့ လူများစုရုံးလာစဉ် အကြမ်းဖက်အဖွဲ့က အဝေးထိန်းခလုတ်ကိုအသုံးပြု၍ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရဲတပ်ဖွဲ့ရှိ တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့မှတာဝန်ရှိသူများသည် မိုင်းကွဲမှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ရာသို့လာရောက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းကြောင့် ဒဏ်ရာရရှိသူများတွင် တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့မှ အရာရှိများနှင့် သတ္တုတွင်းတူးလုပ်သားများပါဝင်ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။

ဒဏ်ရာရရှိသူများကို အာဏာပိုင်အဖွဲ့က နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီး ၎င်းတို့အနက်တွင် အချို့မှာ စိုးရိမ်ရကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်း၏လက်ချက်ဖြစ်ကြောင်းကို မသိရသေးသောကြောင့် ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

*Ref: Xinhua*

ဂျီနီဗာ၊ လူမှုစီးပွားရေး

## ဂါဇာဒေသပြန်လည်တည်ဆောက်ရေး နှစ်ပေါင်း ၈၀ ခန့် ကြာမြင့်နိုင်ဖွယ်ရှိဟု ကုလပြော

ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသည့်တိုက်ခိုက်မှုအခြေအနေများသည် ပြီးခဲ့သည့်ပဋိပက္ခများအတိုင်း ဆက်လက်ဖြစ်ပွားမည်ဆိုပါက ဂါဇာဒေသပြန်လည်တည်ဆောက်ရေးသည် နှစ်ပေါင်း ၈၀ ခန့် ကြာမြင့်နိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

အစ္စရေးစစ်ဘက်၏ ခုနစ်လနီးပါးကြာလေကြောင်းမှတိုက်ခိုက်မှုသည် ဂါဇာဒေသတွင် ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိ အပျက်အစီးများကို ဖြစ်ပေါ်စေခဲ့ပြီး ဒေသတွင်းရှိ လူနေထူထပ်သည့် အထပ်မြင့်အဆောက်အအုံများမှာ လုံးဝ ပျက်စီးသွားခဲ့ရကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အဖွဲ့က ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိဖြစ်ပွားသည့် ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းတို့၏ နေအိမ် ၈၀၀၀၀ ခန့် ပျက်စီးသွားခဲ့ရကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ အချက်အလက်များတွင် ဖော်ပြထားသည်။ ထို့ပြင် အစ္စရေးစစ်ဘက်၏လေကြောင်းမှတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်းပြည်သူ ထောင်ပေါင်းများစွာသေဆုံးခဲ့ကြောင်း သိရသည်။

အကယ်၍ လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ဂါဇာစစ်ပွဲသည် ကိုးလအထိကြာမြင့်မည်ဆိုပါက ဂါဇာဒေသရှိ ပြည်သူများ၏ ဆင်းရဲမွဲတေမှုသည် ၃၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၆၀ ဒသမ ၇ ရာခိုင်နှုန်းအထိမြင့်တက်လာနိုင်သောကြောင့် ဒေသတွင်းပြည်သူအများစုကို လုံးဝဆင်းရဲမွဲတေသည့် သတ်မှတ်ချက်မျဉ်းအောက်သို့ ရောက်ရှိစေမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ အာချင်စတိန်းနားက ပြောကြားခဲ့ကြောင်း သိရသည်။

*Ref: ST*



နေပြည်တော် မေ ၂

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၃၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၈)လုံး အတွင်းမှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ပိုက်လုပ်စက် Pipe Making Machine (၁)လုံးနှင့် ပိတ်လိပ်မျိုးစုံ ၁၃၃၄၅ ကီလိုဂရမ်၊ ဂျပန်နိုင်ငံထုတ် Pampers Baby Diaper ၁၉၂၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၁၁၇၀၁၅)ကိုလည်းကောင်း၊ သီလဝါ ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ်ဆေးဝါး Padmonal အကိုက်အခဲပျောက်ဆေး (၄၀၀၀၀)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၁၁၇၀၁၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **မေလ ၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ်(၃)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၆၂၃၆ ဂါလန်၊ ဓာတ်ဆီ ၄၆၉၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၇၈၄၄၇၅)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Nissan Diesel Tractor Head (၃)စီးနှင့် ဆီသယ်နောက်တွဲယာဉ်(၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၇၈၄၄၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **မေလ ၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၀၀၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၂၂၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၃၀ ရက်နှင့် မေလ ၁ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၇၈၅၇၃၄)**ဖြစ်ကြောင်း သတင်းရရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**

နေပြည်တော် မေ ၂

# ကလေးမြို့နယ်၊ ပြည်တော်သာကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီးနောက် နေအိမ်များမီးရှို့ခံရကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပြည်တော်သာကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၁ ရက်နေ့တွင် ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ကျေးရွာရှိနေအိမ်များ မီးရှို့ခံရကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားမှုဖြစ်စေရန် အတွက် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကလေးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၁ ရက်နေ့တွင် ပြည်တော်သာကျေးရွာအနီးသို့ရောက်ရှိစဉ် အသင့်စောင့်ဆိုင်းလျက်ရှိသည့် အကြမ်းဖက်သမားက လက်လုပ်လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ပြည်တော်သာကျေးရွာအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များမီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ပြည်တော်သာကျေးရွာ၏မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရပါသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းအမှန်များ ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ ပြည်သူများအား သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

ရန်ကုန် မေ ၂

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ




အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Han အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ BYD Atto 3 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ၂-၅-၂၀၂၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိပါသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၂

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၄၆ တန်ကျော် ဖမ်းဆီးရမိ



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၂၂ ရက်မှ ၂၈ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၆၉ ဒသမ ၀၉၁၇)တန်၊ သစ်မာ (၆၃ ဒသမ ၅၂၉၂) တန်၊ အခြား (၁၃ ဒသမ ၉၄၆၂)တန်၊ စုစုပေါင်း (၁၄၆ ဒသမ ၅၆၇၁) တန်၊ ယာဉ်/ယန္တရား (၈)စီး၊ တရားခံ (၂၃)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်   မေ   ၂

## မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာ သီဝံပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသ ရေးအဖွဲ့က သံဃာတော်များအား ခွဲစိတ် ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်း များဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးရုံ တက်ရောက်ကုသရန်လိုအပ်သည့် သံဃာ တော်များအား နယ်မြေခံတပ်မတော်ဆေးရုံ သို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင် ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှု များကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာ တော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိ သည်။

(၁၀၀)


သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော်   မေ   ၂

## ကော့ကရိတ်မြို့၌ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ မြို့မ ဈေးကြီး၊ ပြည်သူ့ဆေးရုံကြီးနှင့်ဆေးပေးခန်း များပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ဖြစ်စဉ်များကြောင့် မြို့နေပြည်သူလူထုများ သည် ဘေးလွတ်ရာနေရာဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့် အတွက် ဧပြီလ ၂၇ ရက် နံနက်ပိုင်း မှစတင်ကာ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး ၎င်း ပြည်သူလူထုများ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်း များအား စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ အား ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်း တွင်လည်း ရပ်ကွက်အတွင်းရှိ နေအိမ်များ အား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက် နေမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကော့ကရိတ်မြို့တွင် ရပ်ကွက် ခုနစ် ရပ်ကွက်နှင့် ကော့ဘိန်း၊ ကော့ပေါက်ကျေးရွာ တို့တွင် အိမ်ခြေပေါင်း ၁၀၄၃၂ အိမ်၊ အိမ်ထောင်စုပေါင်း ၁၁၀၁၉ စုနှင့် လူဦးရေ ပေါင်း ၆၉၂၃၈ ရှိပြီး အဆိုပါဖြစ်စဉ်များ ကြောင့် အိမ်ထောင်စုအားလုံး ယာယီ ရွှေ့ပြောင်းနေထိုင်ကြရာမှ ကော့ကရိတ်မြို့ အတွင်းသို့ ဧပြီလ ၂၇ ရက်မှစတင်ပြီး ယာယီရွှေ့ပြောင်းနေထိုင်သူများ ပြန်လည် ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း ယာယီ ရွှေ့ပြောင်းနေထိုင်သူ ၃၈၇ ဦး ပြန်လည် ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများ အား နေထိုင်စားသောက်မှုအဆင်ပြေစေရေး အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အိမ်ထောင်စု တစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီငါးဆယ် ကျပ်သား၊ ခေါက်ဆွဲထုပ် ၁၀ ထုပ်ထောက်ပံ့ ပေးခဲ့ပြီး ပြည်နယ်သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ထောင်စု တစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပစ္စည်းပုံးများအား ထောက်ပံ့ပေးလျက်ရှိ ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**





ကျောက်ပန်းတောင်း   မေ   ၂

## ကျောက်ပန်းတောင်း-မိတ္ထီလာသွားကားလမ်းမပေါ်တွင် မိုးရွာသွန်းမှုကြောင့် ထန်းပင်နှင့်ထနောင်းပင် ကားလမ်းမပေါ် ပြိုလဲမှုဖြစ်ပေါ်ခဲ့

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်း တောင်းမြို့နယ်၌ ယနေ့ညနေ ၃ နာရီခန့်တွင် မိုးနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ အနည်းငယ်ဖြစ်ပေါ်ခြင်းကြောင့် အင်တော ကျယ်ကျေးရွာအုပ်စု အင်တောကျယ် ကျေးရွာအနီး ကျောက်ပန်းတောင်း- မိတ္ထီလာသွားကားလမ်းမပေါ်တွင် ထန်းပင် တစ်ပင်နှင့် ထနောင်းပင်တစ်ပင်ပြိုလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းပင်နှင့် လုံးပတ် ၂ ပေ၊ အရှည်ပေ ၃၀ ရှိသည့် ထနောင်းပင် ပြိုလဲမှုမှာ အင်တောကျယ်ကျေးရွာအနီး ကျောက်ပန်းတောင်း-မိတ္ထီလာသွား ကား လမ်း၊ မြတ်နိုးသူတိုးဂိတ်အနီးတွင် ဖြစ်ပွား ခဲ့ခြင်းဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်လင်းနှင့်တပ်ဖွဲ့ဝင် များက ကားလမ်းပိတ်ဆို့မှုမဖြစ်ပေါ် စေရေးအတွက် ပြိုလဲကျသည့်ထန်းပင် နှင့် ထနောင်းပင်တို့မှ သစ်ပင်/သစ်ကိုင်း များအား ဖြတ်တောက်ဖယ်ရှားခြင်းတို့ကို အမြန်ဆုံး ဆောင်ရွက်ပေးခဲ့ကြောင်းသိရ သည်။ **နေအောင်(ပြန်/ဆက်)**



ကျောက်ပန်းတောင်း   မေ   ၂

## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် လူနေအိမ်များအမိုးလန်ပျက်စီး



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်း တောင်းမြို့နယ်၌ ယနေ့ညနေ ၄ နာရီခွဲ တွင် မိုးနှင့်အတူ လေပြင်းများ ကျရောက် ခဲ့ရာ မင်းခေါင်းတောင်ကျေးရွာအုပ်စုရှိ မင်းခေါင်းတောင်ကျေးရွာ၊ စည်သာ ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ လူနေအိမ် ခုနစ်လုံး အမိုးလန်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

မိုးသက်လေပြင်းကြောင့် မင်းခေါင်း တောင်ကျေးရွာအုပ်စု မင်းခေါင်းတောင် ကျေးရွာနေ ဦးတင်အောင်၏ လေးပင် ပတ်လည် သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်း နှစ်ထပ်နေအိမ်၊ စည်သာကျေးရွာနေ ဒေါ်ဝက်မ၏ သုံးပင်ပတ်လည်၊ သွပ်မိုး၊ ထရံကာ၊ တစ်ထပ် နေအိမ်၊ အောင်ချမ်းသာ ကျေးရွာနေ ဦးလှလေးမြင့်၏ လေးပင် ပတ်လည်၊ တစ်ထပ် သွပ်မိုး၊ ထရံကာ နေအိမ်၊ ဒေါ်စိန်ငွေ၏ လေးပင်ပတ်လည်၊ တစ်ထပ် သွပ်မိုး၊ ထရံကာနေအိမ်တို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ဦးရှိန် ၏ လေးပင်ပတ်လည်၊ တစ်ထပ် သွပ်မိုး၊ ထရံကာနေအိမ်၊ ဦးလှကြိုင်၏ လေးပင် ပတ်လည် တစ်ထပ် သွပ်မိုး၊ ထရံကာ နေအိမ်နှင့်ဒေါ်ရီထွေး၏ လေးပင်ပတ်လည် တစ်ထပ် သွပ်မိုး၊ ထရံကာနေအိမ်တို့ ပျက်စီး ဆုံးရှုံးခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှုဖြစ်ပေါ်ခဲ့ သော်လည်း လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိ ကြောင်းနှင့် အဆိုပါ သဘာဝဘေးဒဏ်သင့် ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပျက်စီး ခဲ့သည့်လူနေအိမ်များကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးနှင့် လတ်တလော လိုအပ်သည်များကို သက်ဆိုင်ရာကျေးရွာ ရပ်မိ/ရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးကြောင်းသိရသည်။ **နေအောင်(ပြန်/ဆက်)**

MSME ကဏ္ဍ

# သဘာဝကုန်ကြမ်း မီးဖိုချောင်သုံးသီးနှံဘေးထွက်ပစ္စည်းများကိုအခြေခံ၍ ဇီဝသဘာဝဘက်စုံသုံး ရွက်ဖျန်းအားတိုးဆေးရည် ထုတ်လုပ်နေ



သဘာဝကုန်ကြမ်း မီးဖိုချောင်သုံးသီးနှံဘေးထွက်ပစ္စည်းများကို အခြေခံ၍ တောင်သူများ၏ စိုက်ပျိုးသီးနှံများ အပင်ကြီးထွားမှုကို အကျိုးဖြစ်ထွန်းစေသည့် ဘက်စုံသုံး ရွက်ဖျန်းအားတိုးဆေးရည်ကို သဘာဝကုန်ကြမ်းများနှင့် ငါးအမိုင်နို အက်စစ်နည်းပညာနှင့် ပေါင်းစပ်ပြီး တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာ၌ All in One Plus အမှတ်တံဆိပ်ဖြင့် ဇီဝသဘာဝဓာတ်မြေဩဇာအားဖြည့်အရည်ထုတ်လုပ်လျက်ရှိသည်။

သီးနှံစိုက်ခင်းများအတွင်း အပင်ကြီးထွားမှုကို အကျိုးဖြစ်ထွန်းစေရန်၊ အကျိုးပြုဂေဟစနစ်ပျက်စီးခြင်းမရှိစေဘဲ သီးနှံဖျက်ပိုးများ၏ ကျရောက်ဖျက်ဆီးခြင်းမှကာကွယ်ရန်၊ ဒေသထွက်ကုန်ကြမ်းများနှင့် သဘာဝမှရရှိသော မီးဖိုချောင်သုံးသီးနှံဘေးထွက်ပစ္စည်းများဖြင့် တောင်သူများအတွက် တစ်ထောင့်တစ်နေရာက အထောက်အကူဖြစ်စေရန် ဘက်စုံသုံးရွက်ဖျန်းအားတိုးဆေးရည်ကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဘက်စုံသုံးရွက်ဖျန်းအားတိုးဆေးရည်ကို ငါးအမိုင်နိုအက်စစ်နဲ့ ပိုးမွှားတွေ သီးနှံပင်ကျရောက်ခြင်းမရှိအောင် ပိုးမွှားတွေမကြိုက်တဲ့အနံ့အရသာဖြစ်စေတဲ့၊ သဘာဝကဖြစ်တဲ့ သစ်သီးသစ်မြစ်တွေ၊ မီးဖိုချောင် စွန့်ပစ်ဘေးထွက်ပစ္စည်းတွေနဲ့ ပေါင်းစပ်ပြီး အပင်ရဲ့အာဟာရလည်းဖြစ်မယ်၊ ပိုးမွှားလည်းကာကွယ်မယ် ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ထားတာဖြစ်ပါတယ်" ဟု ဘက်စုံသုံးရွက်ဖျန်းအားတိုးဆေးရည် ထုတ်လုပ်သူ NG Sun Agriculture Business Bio Fertilizer Company Limited ၏ Founder & Director ဦးနေလင်းအောင်က ပြောသည်။

ဇီဝသဘာဝမြေဩဇာအရည်ကို ဒေသတွင်းငါးခြောက်လုပ်ငန်းများမှ ဘေးထွက်ပစ္စည်းဖြစ်သည့် ငါး၏အပိုင်းအစများကို အခြေခံ၍ ငါးအမိုင်နိုအက်စစ်ထုတ်လုပ်ကာ မီးဖိုချောင်သုံးသီးနှံဘေးထွက်ပစ္စည်းများနှင့် သဘာဝသစ်မြစ်သစ်ဖုများကို ပေါင်းစပ်ပြီး အချဉ်ဖောက်ရည်ထုတ်လုပ်၍ ငါးအမိုင်နိုနှင့်အချဉ်ဖျော်ရည် ရောစပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

"ထုတ်လုပ်မှုအပိုင်းကို မြိတ်ဒေသမှာရှိတဲ့ငါးနဲ့ပတ်သက်တဲ့ ထုတ်ကုန်ထုတ်လုပ်တဲ့လုပ်ငန်းတွေမှ ဘေးထွက်ငါးခေါင်းတွေ၊ အူတွေ၊ ကလီစာတွေကိုယူပြီးတော့ အမိုင်နိုအက်စစ်လုပ်ပါတယ်။ ငါးခေါင်းတွေ အူတွေ၊ ကလီစာတွေ၊ ဒေသထွက်ဖြစ်တဲ့ ခနိပင်မှရရှိတဲ့ ခနိပျားနဲ့ EM (Effective Micro- Organisms) ရယ် သဘာဝအချဉ်ဖောက်အရည်ကို ပေါင်းစပ်ပြီး ငါးအမိုင်နိုအက်စစ်ပြုလုပ်ပါတယ်။ သစ်သီးစုံအချဉ်ဖောက် အရည်ကို မီးဖိုချောင်သုံးသီးနှံတွေဖြစ်တဲ့ ငရုတ်သီး၊ ကြက်သွန်တွေရဲ့ စွန့်ပစ်အခွံတွေရယ်၊ ငရုတ်သီးအပြုတ်အရည်ရယ် အပင်တွေအတွက် အာဟာရဖြစ်စေမယ့်၊ အောကဇင်ဓာတ်ကိုရစေမယ့် ငှက်ပျောပော်မုန်း၊ တမာ၊ ဆေးရွက်ကြီး စတာတွေ ပေါင်းပြီး ပိုးမွှားနှင်ဆေး ပြုလုပ်ပါတယ်။ အဲဒီမှာထည့်တဲ့ရေကိုကျတော့ ငရုတ်သီးအပြုတ်ရည်အပါအဝင် ဆန်မှုန့်ရည်၊ သီးနှံစွန့်ပစ်အခွံတွေနဲ့ သစ်သီးစုံချဉ်ဖောက်အရည်ပြုလုပ်ပါတယ်။

သစ်သီးစုံချဉ်ဖောက်အရည်က သီးနှံပင်ကျရောက်တဲ့ ပိုးမွှားတွေ မကြိုက်တဲ့ အနံ့ရတဲ့အတွက် ပိုးမွှားတွေ မကျရောက်ပါ။ အပင်တွေကိုအကျိုးပြုတဲ့ ဖားကလေး၊ ငါးကလေး၊ ပင့်ကူစတဲ့ မိတ်ဆွေပိုးတွေကိုလည်း မသေဘဲနဲ့ အဖျက်ပိုးတွေကို မကျရောက်စေတဲ့ ပိုးမွှားနှင် အာနိသင်ကို ရစေပါတယ်။ ပိုးမွှားနှင်အာနိသင်ကိုရစေတဲ့ သီးနှံစုံအချဉ်ဖောက်အရည်ကိုးဆရယ်၊ ငါးအမိုင်နိုတစ်ဆကို ရောစပ်လိုက်တဲ့အခါ ဘက်စုံသုံးရွက်ဖျန်းအားတိုးဆေးရည်ကို ရရှိစေပြီး ဇီဝသဘာဝဓာတ်မြေဩဇာ အားဖြည့်အရည်အဖြစ် ထုတ်လုပ်ထားတာ ဖြစ်ပါတယ်" ဟု ထုတ်လုပ်မှုအဆင့်ဆင့်ကို ထုတ်လုပ်သူက ဆက်လက်ပြောကြားသည်။

ဇီဝသဘာဝမြေဩဇာအရည် ထုတ်လုပ်ရာတွင် မြေဩဇာသုံးစွဲမှုလျှော့ချနိုင်သည့်အပြင် စီးပွားဖြစ်တွက်ခြေကိုက်ပြီး တောင်သူများကို မြေဩဇာနည်းပညာနဲ့ ဇီဝသဘာဝမြေဩဇာအရည် ဖြန့်ဝေချင်တဲ့အတွက် စမ်းသပ်ထုတ်လုပ်သုံးစွဲခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးသီးနှံစိုက်ခင်းတွေမှာ စမ်းသပ်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးပင်၏ အပင်အာဟာရကောင်းသည့်အပြင် ပိုးမွှားမကျရောက်ခြင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်ခြင်းကြောင့် အောင်မြင်စွာ ထုတ်လုပ်ခြင်းဖြစ်ကြောင်း ထုတ်လုပ်သူက ယခုလို ထပ်မံပြောကြားသည်။

"မြေဩဇာထုတ်လုပ်သုံးစွဲတဲ့နေရာမှာ၊ ထုတ်လုပ်ဖို့ကြိုးစားတဲ့နေရာမှာ နိုင်ငံတော်မှ အသိအမှတ်ပြုထားတဲ့ မြေဩဇာနည်းပညာကော်မတီမှာလည်း တရားဝင် မြေဩဇာစမ်းသပ်စိုက်ခင်းတွေနဲ့ အများကြီး ဆောင်ရွက်ခဲ့ပါတယ်။ ကိုယ်တိုင်လည်း မြေဩဇာစမ်းသပ်စိုက်ခင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ စမ်းသပ်တဲ့နေရာမှာ တောင်သူတွေရဲ့ လက်တွေ့စိုက်တဲ့ အတွေ့အကြုံအရ စပါး၊ ပဲတီစိမ်းစိုက်ခင်းတွေမှာ အပင်အာဟာရအထွက်နှုန်းကောင်းတဲ့အပြင် ပိုးမွှားမကျရောက်တဲ့ ထူးခြားမှုတွေကိုလည်း တွေ့ရတဲ့အခါကျတော့ ကျွန်တော့ရည်ရွယ်ချက်ကလည်း သုံးစွဲသူတောင်သူများ ကျန်းမာရေးနဲ့ညီညွတ်ပြီး ဘေးမဖြစ်ဘဲ မြေဩဇာနဲ့ ပိုးမွှားနှင်ဆေးကို ပေါင်းစပ်သုံးစေချင်တယ်။ သီးနှံတွေ စားသုံးတဲ့ စားသုံးသူတွေအနေနဲ့လည်း ဓာတ်ကြွင်းအာနိသင်နည်းပါးတဲ့ သီးနှံတွေကို စားသုံးစေချင်တဲ့အတွက် အောင်မြင်စွာ ထုတ်လုပ်ဖြစ်ခဲ့ပါတယ်။"

တန်ဖိုးမြှင့် MSME ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခုအစီအစဉ်ဖြင့် ယခုအချိန်တွင် နိုင်ငံတော်မှ အားပေးကူညီလျက်ရှိရာ တောင်သူများအတွက် ဘက်စုံသုံးရွက်ဖျန်း အားတိုးဆေးရည်ကို ဒေသထွက်ကုန်ကြမ်းကို အခြေခံထုတ်လုပ်လျက်ရှိသည့် All in One Plus အမှတ်တံဆိပ်ဖြင့် ဇီဝသဘာဝဓာတ်မြေဩဇာအားဖြည့်အရည် ထုတ်လုပ်သည့်လုပ်ငန်းကို တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နိုင်ဖို့ နိုင်ငံတော်မှ အားပေးကူညီလျက်ရှိသည်။

"MSME တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ဖို့အတွက် သွင်းအားစုယူနစ်တွေ၊ ထုတ်လုပ်မှုအပိုင်းတွေ ကုန်ထုတ်လုပ်မှုမှ ဈေးကွက်သို့ ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းတွေမှာ ဟန်ချက်ညီညီနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။ MSME တွေရဲ့ ရေရှည်ရှင်သန်ပြီးတော့ အောင်မြင်ဖြစ်ထွန်းဖို့အတွက် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတွေကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ All in One Plus ဇီဝသဘာဝဓာတ်မြေဩဇာအားဖြည့်အရည် ထုတ်လုပ်သည့်လုပ်ငန်းအား ကျပ်သိန်း ၃၅၀ ကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ထုတ်ချေးပြီးတော့ လုပ်ငန်းမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိပါတယ်" ဟု စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖြိုးဇာနည်ဝင်းက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် ဒေသထွက် ကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားသော ဘက်စုံသုံးရွက်ဖျန်း အားတိုးဆေးရည်ကို တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံ စိုက်ခင်းများတွင် သုံးစွဲခြင်းဖြင့် ပြည်ပမှတင်သွင်းသော မြေဩဇာများမှာယူသုံးစွဲမှုမှ သွင်းကုန်အစားထိုးနိုင်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှု ကဏ္ဍများတိုးတက်မှုနှင့် နိုင်ငံတော်အတွက် အခွန်ဝင်ငွေရရှိနိုင်ခြင်း၊ မြိတ်ဒေသ၏တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်ကြမ်းများဖြင့် ထုတ်လုပ်လျက်ရှိသည့် ဘက်စုံသုံးရွက်ဖျန်းအားတိုးဆေးရည်ကို စိုက်ပျိုးသီးနှံစိုက်ခင်းများတွင် ထုတ်လုပ်သူမှ တောင်သူများသုံးစွဲနိုင်စေရန် မြစိမ်းရောင်အစီအစဉ်ဖြင့် အရစ်ကျစနစ်နှင့် ရောင်းချပေးသွားမှာဖြစ်ပြီး မြိတ်ဒေသထုတ်ကုန် တစ်ခုအနေဖြင့် ပြည်တွင်းဈေးကွက်များသို့ ဖြန့်ချိရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

မုံရွာ မေ ၂

# မုံရွာမြို့၌ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်ကြီးများပြိုလဲ နေအိမ်အချို့ပျက်စီးပြီး လမ်းပိတ်ဆို့ဖြစ်ပေါ်မှုကို တာဝန်ရှိသူများ အမြန်ဆုံးရှင်းလင်းပေး



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ယမန်နေ့ညနေ ၄ နာရီ မိနစ် ၂၀ က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုံရွာမြို့ မြို့ပေါ်ရပ်ကွက် အမှတ်(၁၁)ရပ်ကွက်တွင် လျှပ်စစ်မီးတိုင် ၂၆ တိုင်နှင့်ဆက်သွယ်ရေးတိုင်လေးတိုင်ပြိုလဲပျက်စီးခဲ့ပြီး ရပ်ကွက်များအတွင်းရှိ တမာပင်၊ ကုက္ကိုပင်၊ ထနောင်းပင်၊ မန်ကျည်းပင်နှင့် ယူကလစ်ပင်ကြီးများသည် လမ်းများနှင့် လူနေအိမ်များပေါ်သို့ ကျိုးကျခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ မုံရွာမြို့နယ် တောပုကျေးရွာတွင်လည်း သစ်ပင်များပြိုလဲပြီး လူနေအိမ်အချို့ ပြိုလဲခြင်းများဖြစ်ခဲ့ပြီး နေအိမ် ၆၇ လုံးမှာ သွပ်များအမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

သစ်ပင်ကြီးများလဲကျ၍ လမ်းများပိတ်ဆို့ခြင်း၊ နေအိမ်များပေါ်သို့ပိခြင်း၊ နေအိမ်အချို့အမိုးလန်ခြင်းများနှင့် ဓာတ်တိုင်များ ပြိုလဲခြင်းများဖြစ်ပွားခဲ့ရာ နေရာများသို့ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ မုံရွာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့်တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များက သစ်ပင်များလဲကျ၍ လမ်းများပိတ်ဆို့နေမှုကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးသွားရောက်ရှင်းလင်းပေးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်၊ သေဆုံးမှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊
## ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၂-၅-၂၀၂၄ ရက်မှ ၁၀-၅-၂၀၂၄ ရက်အထိ |
| (ခ) တင်ဒါတင်သွင်းရမည့်ရက် | - | ၂၃-၅-၂၀၂၄ ရက်မှ ၃၁-၅-၂၀၂၄ ရက်အထိ **(၁၄း၀၀ နာရီထိ)** |
| (ဂ) တင်ဒါပိတ်မည့်ရက် | - | ၃၁-၅-၂၀၂၄ ရက် **(၁၄း၀၀ နာရီထိ)** |

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ - ၀၄၂-၂၄၅၅၂(အင်ဂျင်နီယာဌာန)**
**- ၀၄၂-၂၁၈၉၁(ဘဏ္ဍာရေးဌာန)**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**

## ပျောက်ဆုံးကြောင်း

